# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဆဋ္ဌမပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း | ၃ |
| ၆ | လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိသော ကိုလိုနီခေတ် ရှေးဟောင်း အဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၇ | နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအား မည်ကဲ့သို့ စီမံခန့်ခွဲပြီး အများပြည်သူသိရှိအောင် ဆောင်ရွက်နိုင်ရန်နှင့်ပတ်သက်၍ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၈ | ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသုိလ်များတွင် တာဝန်ထမ်းဆောင်နေသော သရုပ်ပြအဆင့်မှ လက်ထောက်ကထိက၊ ကတိကနှင့် ပါမောက္ခအဆင့် ရာထူးတိုးမြှင့်ပေးရာတွင် ဌာနတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမှုတစွာ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၉ | ပြင်ဦးလွင်မြို့ မော်တော်ယာဉ်နည်းပညာသင်သုတေသနဌာနဝင်းအတွင်း လုပ်ငန်းခွင်ကျွမ်းကျင်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်မည့် Vocational Training သင်တန်းများနှင့် AGTI ဒီပလိုမာသင်တန်းကျောင်း ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | သမိုင်းဘာသာရပ်ကို စာသင်ကျောင်းများတွင် မူလတန်းမှသည် ပါရဂူဘွဲ့အထိ မသင်မနေရ (Compulsory) ဘာသာရပ်အဖြစ် ပြဋ္ဌာန်းသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |

| | | |
|---|---|---|
| ၁၁ | လဟယ်မြို့နယ်ရှိ ကားရော်အိုဒေါက်၊ ထွေးထွေနောက်ကျော့၊ ထွေးထွေနောက်အင်း၊ ဆပ္ပလော်ရွာမ၊ လန်းတိုင်းနောက်အင်း၊ ခါးလယ်၊ စံတုံနှင့် အံ့ပေါ်ရွာများရှိ လက်ရှိ ကျောင်းဆောင်များအား ဆောလျင်စွာ အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၂ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို တင်သွင်းခြင်း | ၂၃ |
| ၁၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၄၄ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း | ၄၄ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၂၀-၁၀-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **လှိုင်မြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိသော ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအား မည်ကဲ့သို့ စီမံခန့်ခွဲပြီး အများပြည်သူ သိရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် ပတ်သက်၍ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေသော သရုပ်ပြအဆင့်မှ လက်ထောက်ကထိက၊ ကထိကနှင့် ပါမောက္ခ အဆင့် ရာထူးတိုးမြှင့်ပေးရာတွင် ဌာနတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမျှတစွာ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်မြို့ မော်တော်ယာဉ် နည်းပညာသင် သုတေသနဌာနဝင်းအတွင်း လုပ်ငန်းခွင် ကျွမ်းကျင်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်မည့် Vocational Training သင်တန်းများနှင့် AGTI ဒီပလိုမာ သင်တန်းကျောင်း ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **သမိုင်းဘာသာရပ်ကို စာသင်ကျောင်းများတွင် မူလတန်းမှသည် ပါရဂူဘွဲ့အထိ မသင်မနေရ (compulsory) ဘာသာရပ်အဖြစ် ပြဋ္ဌာန်းသင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ **လဟယ်မြို့နယ်ရှိ ကားရော်အိုဒေါက်၊ တွေးထွေနောက်ကျော့၊ တွေးထွေနောက်အင်း၊ ဆပ္ပလော်ရွာမ၊ လန်းတိုင်းနောက်အင်း၊ ခါးလယ်၊ စံတုံနှင့် အုံ့ပေါ်ရွာများရှိ လက်ရှိ ကျောင်းဆောင် များအား ဆောလျင်စွာ အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက **"တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ၁ ရက်
# (၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)
# (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၆၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊
(၂) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)အတွတ် ခွင့် ၁ ရက်၊
(၃) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊
(၄) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊
(၅) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊
(၆) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊
(၇) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊
(၈) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊
(၉) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊
(၁၀) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၁၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၁၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊
(၁၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၁၄) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၁၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊
(၁၆) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၇) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်နှင့်
(၁၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၅ ဦးဖြစ်ပါတယ်။

ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

## လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိသော ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိတဲ့ ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အဦအား ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အရေးအကြီးဆုံးမြို့ပြစီးပွားရေးအချက်အခြာဖြစ်တဲ့ ရန်ကုန်မြို့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ ဒေသ

တွင်းယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်နှင့် နေချင်စဖွယ်ရှိစေရန် မြို့ရဲ့အဆောက်အဦ၊ ယဉ်ကျေးမှုနှင့်သဘာဝ အမွေအနှစ်များကို ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့အား နေချင်စဖွယ် မြို့တော်ဖြစ်စေခြင်းသည် မြို့ရဲ့ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းနှင့် အရည်အချင်းရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာခရီးသွားများရဲ့ ဆွဲဆောင်မှုကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ မြို့ပြစီမံမှုများနှင့် ခေတ်မီဖွံ့ဖြိုးမှုများကို ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းမှုများနှင့်ပေါင်းစပ်ပြီးတော့ အာရှရဲ့ ဆက်လက်ရှင်သန်နေတဲ့အကောင်းဆုံး သမိုင်းဝင်မြို့ရှုခင်းများထဲမှာ တစ်ခုဖြစ်လာနိုင်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းရုံးခန်းဖြစ်ပါတယ်။ ကိုလိုနီခေတ်ရှေ့ဟောင်း အဆောက်အဦဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ ဒါကတော့ ကျွန်တော်တို့ အခုဆို ဒီအဆောက်အဦကို ကျောင်းရုံးခန်းရဲ့ အသုံးပြုလျက်ရှိပါတယ်။ ဒါပေမဲ့ အပေါ်မှာ အမိုးတွေပေါက်ပြဲနေလို့ အပေါ်ထပ်ကိုတော့အသုံးမပြုနိုင်ဘဲ အောက်ထပ်ကိုတော့ ကျောင်းရုံးခန်းအဖြစ် အသုံးပြုထားရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိတဲ့ အဆောက်အဦအား ၁၉ ရာစု ကိုလိုနီခေတ် လက်ရာ ရှေးဟောင်းအဆောက်အဦဖြစ်ပါတယ်။ ယခုအခါမှာ အခြားနိုင်ငံများနည်းတူပဲ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အဦများကို သမိုင်းဝင်အမွေအနှစ်များအဖြစ် ထိန်းသိမ်းလျက်ရှိပါသဖြင့် ဒီအဆောက်အဦကို ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရန် ရှေးဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိသည့် ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အဦအား ပြုပြင်ထိန်းသိမ်းထားရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ လက်ရှိ ကျောင်းရုံးခန်းအဖြစ် အသုံးပြုလျက်ရှိသော ကိုယ်စားလှယ်ကြီးတင်ပြမေးမြန်းထားတဲ့ အဆောက်အဦဟာဆိုရင် ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျား စံပြကျောင်းအနေနဲ့ ဖွင့်လှစ်ထားတဲ့ကျောင်း ဖြစ်ပါတယ်။ ယခင်တော်လှန်ရေးအစိုးရလက်ထက်မှာတော့ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌရုံး၏ ၁၁-၃-

၁၉၆၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉) အရ ပြည်သူပိုင်အဖြစ် ထိန်းသိမ်းထားရှိခဲ့တဲ့ကျောင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သက်တမ်းအားဖြင့် အနည်းဆုံး နှစ် ၆၀ ခန့်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအားဖြင့် အဲဒီကျောင်းမှာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၀၉ ဦး၊ ဆရာ ဆရာမ ၃၅ ဦးနှင့် စာသင်ဆောင်စုစုပေါင်းခြောက်ဆောင်ရှိတာ တွေ့ရပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ Power Point ပါအဆောက်အဦဟာ ဒီကျောင်းမှာတော့ သင်ကြားရေးအတွက် အသုံးမပြုဘဲနဲ့ ကျောင်းအုပ်ကြီးရုံးခန်းအဖြစ်သာ အသုံးပြုကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီအဆောက်အဦဟာ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့အတိုင်း ရှေးကိုလိုနီလက်ထက်က ယဉ်ကျေးမှုအမွေအနှစ် လက်ရာမွန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ထိန်းသိမ်းဆောင်ရွက်ရန် အစီအစဉ်ရှိပါတယ်။ ဒီအစီအစဉ်ရှိတဲ့အတိုင်းပဲ ရှေးဟောင်းပုံစံလက်ရာများ မူလအတိုင်း ထိန်းသိမ်းနိုင်ရန် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်ခြင်းများအတွက် မြန်မာနိုင်ငံဗိသုကာ ပညာရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမို့မို့လွင် ကိုယ်တိုင်ဦးဆောင်ပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

အဓိကအားဖြင့် ဗိသုကာလက်ရာများ မပျက်စီးစေရေး ဗိသုကာပညာရှင်များရဲ့ အကူအညီနဲ့ သူတို့လမ်းညွှန်မှုအတိုင်း ပြုပြင်ဆောင်ရွက်ရန် အစီအစဉ်ရှိပါတယ်။ ရှိတဲ့အတွက်လည်း ၅-၆-၂၀၁၇ ရက်နေ့မှာ အဲဒီနေရာ၊ အဲဒီရုံးခန်းမှာပဲ ကျွန်တော်တို့ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ဒီဒေသအတွင်း လှိုင်မြို့နယ်အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးတို့ကိုပါ ကျွန်တော်တို့ ဆောင်ရွက်မည့်အစီအစဉ်ကို အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအား မည်ကဲ့သို့စီမံခန့်ခွဲပြီး အများပြည်သူသိရှိအောင် ဆောင်ရွက်နိုင်ရန်နှင့်ပတ်သက်၍ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ယနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနကို ပညာရေးနဲ့ပတ်သက်တဲ့မေးခွန်းတစ်ခု မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုကို အားကြိုးမာန်တက်ဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒီအတွက်လည်း ပညာရေးအသုံးစရိတ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်၊ ပညာရေးအသုံးစရိတ်အတွက်၊ ဝန်ကြီးဌာနအတွက်၊ ဘီလီယံ ၁၇၀၀ ကျော် လျာထားသတ်မှတ်ချထားပေးခဲ့ပြီး လည်းဖြစ်ပါတယ်။ အခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖော်ပြထားတဲ့ ဒီစာအုပ်ထဲမှာ Citizen Budget ထဲမှာ ပညာရေးနှင့်ပတ်သက်ပြီး အသုံးစရိတ်ကို ဘာကိုဖော်ပြထားလဲဆိုတော့ (က) နိုင်ငံတော်သမ္မတပညာသင်ဆုအဖြစ် ၁၁.၆ ဘီလီယံလျာထားထားပါတယ်။ (ခ) အဆင့်မြင့်ပညာအတွက် ပညာသင်ဆုက ၉.၇ ဘီလီယံလျာထားပါတယ်။ အခြေခံပညာ ပညာသင်ဆုအတွက် နှစ်ဘီလီယံ လျာထားပါတယ်။ ဂျပန်နိုင်ငံကထောက်ပံ့တဲ့ JICE လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုပညာသင်ဆု JDS က ၆.၉ ဘီလီယံဆိုပြီးတော့ ဖော်ပြထားတာ

တွေ့ရပါတယ်။ အဆင့် မြင့်ပညာအတွက်လည်း ပညာသင်ဆုသီးသန့်ရှိသလို အခြေခံအတွက်လည်း သီးသန့်ရှိပါတယ်။ လူစွမ်းအားဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း သီးသန့်ရှိပါတယ်။ ဒီဟာထဲမှာမှ ထပ်ပြီးတော့ နိုင်ငံတော် သမ္မတပညာသင်ဆုဆိုပြီး ၁၁.၆ ဘီလီယံ လျာထားထားတာတွေ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးတိုးတက်မှုအတွက် ပညာရေးလိုလားသူများအား ပညာသင်ဆု ချီးမြှင့်ခြင်းဟာ အလွန်တရာမှကို ကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်။ ပညာကိုလိုလားသူ၊ သင်ယူလိုသူ တိုင်းအတွက် ပညာသင်ဆုဟာ ဂုဏ်ယူစွာမက်မောပါတယ်။ ဒါကြောင့်မို့လို့ ပညာသင်ဆုကို ပြည်တွင်း ကနေပြီးတော့ ထောက်ပံ့ပြီးပေးနေတဲ့အဖွဲ့အစည်းတွေလည်းရှိသလို နိုင်ငံတကာကနေပြီးတော့ ပညာ သင်ဆုထောက်ပံ့ပေးနေတာတွေလည်း ရှိပါတယ်။ ဥပမာအနေနဲ့ပြောရရင် နိုင်ငံတကာမှာဆိုရင် ဂျာမနီနိုင်ငံကပေးတဲ့ DAD ပညာသင်ဆု၊ ဂျပန်နိုင်ငံကပေးတဲ့ ပညာသင်ဆု၊ ကိုရီးယားနိုင်ငံကပေးတဲ့ ပညာသင်ဆု၊ တရုတ်နိုင်ငံကပေးတဲ့ ပညာသင်ဆုတွေ လွန်ခဲ့သောနှစ်ပေါင်းမြောက်မြား စွာကတည်းက ပေးခဲ့တာပါ။ ဒါပေမဲ့လည်း သူတို့ကပေးပင်ပေးသော်လည်းပဲ လွန်ခဲ့သော ၁၅ နှစ် လောက်ကာလ အတွင်းမှာ ဒီပညာသင်ဆုကို ဝန်ကြီးဌာနအသီးသီးရဲ့စီမံခန့်ခွဲမှုအားနည်းမှုကြောင့် ပေးတဲ့သူကပေး တာတောင်မှ အချိန်မီ ဦးရေပြည့်အောင် မစေလွှတ်နိုင်ခဲ့ပါဘူး။ နိုင်ငံ့အတွက် အများကြီးနစ်နာခဲ့ရပါ တယ်။ နိုင်ငံတကာက ပေးအပ်နေတဲ့ပညာသင်ဆုကိုတောင်မှ အချိန်မီမဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတပညာသင်ဆုကို ပထမအကြိမ်လွှတ်တော်သက်တမ်း အစိုးရလက်ထက် ၂၀၁၄ ခုနှစ်မှာ ပညာရေးဝန်ကြီးဌာနက စတင်အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါတယ်။ ဒါပေမဲ့လည်း နိုင်ငံတော်သမ္မတပညာသင်ဆုနဲ့ပတ်သက်ပြီး ဒီနေ့အချိန်ထိ တိကျမှန်ကန်တဲ့ သတင်းအချက်အလက် ဘယ်လိုစီမံခန့်ခွဲနေတယ်၊ ဘယ်နှစ်ယောက်လွှတ်တယ်၊ ဘယ်နှစ်ယောက် ပြန်လာတယ်၊ ဘယ်နိုင်ငံတွေမှာတက်နေတယ်၊ ဘယ်ဘာသာရပ်တွေတက်နေတယ်ဆိုတာ ဒီနေ့အချိန် ထိ ရှင်းလင်းစွာဖော်ပြနိုင်ခြင်း မရှိသေးပါဘူး။ ဒီအခြေအနေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ နောက်ထပ် ၁၁.၆ ဘီလီယံချီးမြှင့်မယ်ဆိုပြီးတော့ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒါပေမဲ့လည်း အခု နိုင်ငံတော်သမ္မတပညာသင်ဆုကို အခုအချိန်မှာ ခေါင်းစဉ်ပြောင်းလိုက်တာကိုပဲ သိရပါတယ်။ နိုင်ငံတော်၏ ပညာသင်ဆုအဖြစ် အမည်ပြောင်းတယ်လို့ သိရပါတယ်။ ကျန်တဲ့အချက်အလက်တွေ မသိရပါဘူး။ ပညာရေးတိုးတက်မှုအတွက် ပညာသင်ဆုအသုံးစရိတ် နိုင်ငံတော်ပညာသင်ဆု ၁၁.၆ ဘီလီယံနဲ့ပတ်သက်ပြီး ပညာသင်ဆုပေးတဲ့နေရာမှာ အမြောက်အမြားအသုံးပြုပြီး အဟောသိကံဖြစ် သွားမှာလည်း စိုးရိမ်ပါတယ်။ ပညာသင်ဆုကို လိုလားသူတိုင်းကို အမှန်တကယ်ရစေလိုပါတယ်။ ဒါကြောင့်မို့လို့ ပညာသင်ဆုစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီးတော့ သိရှိလိုတာကတော့ မည်သည့်ပညာရပ် နယ်ပယ်တွေကို ဦးစားပေးပြီးပညာသင်ဆုပေးမှာလဲ၊ အခြေခံပညာလား၊ ဘွဲ့ကြို၊ ဘွဲ့လွန်၊ ပါရဂူ ဘယ်လောက်အချိုးအစားနဲ့ပေးမှာလဲ၊ ပညာသင်ဆုနဲ့ပတ်သက်ပြီး စေလွှတ်မယ့်နိုင်ငံ တက္ကသိုလ် သတ်မှတ်ချက်ရှိသလား။ ပညာသင်ဆုရွေးချယ်ရမှာလည်း တိကျသောမူဝါဒကြိုတင်ထုတ်ပြန်ရေး အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက်ကြောင့် ပညာသင်ဆုနှင့်ပတ်သက်ပြီး၊ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး အများတကာသိရှိစေနိုင်ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

မှူကြမ်း

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာလှမိုးရဲ့မေးခွန်းဖြစ်သော ပညာရေးဝန်ကြီးဌာန၏ အရ/အသုံးဘတ်ဂျက်တွင်ပါဝင်သည့် နိုင်ငံတော်သမ္မတ၏ပညာသင်ဆုနှင့်ပတ်သက်သည့်လုပ်ငန်းစဉ်များအား ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့စီမံခန့်ခွဲပြီး အများပြည်သူသိရှိအောင် ဆောင်ရွက်နိုင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ သိလိုခြင်း မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခင်အစိုးရလက်ထက်မှာ နိုင်ငံတော်သမ္မတပညာသင်ဆုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပေးအပ်ခဲ့ပြီး နိုင်ငံတော်သမ္မတပညာသင်ဆုရရှိသူပေါင်း ၁၁၇ ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၁၁၇ ဦးထဲမှ ၃၃ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အစီအစဉ်နဲ့ပေးအပ်တဲ့ပညာသင်ဆုများကို ပေးအပ်ခဲ့ပြီး ကျန်ရှိတဲ့ ၈၄ ဦးကိုတော့ နိုင်ငံတော်သမ္မတပညာသင်ဆုအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့ပါတယ်။ ဒီလိုရွေးချယ်ချီးမြှင့်ခဲ့ရာမှာ ကျောင်းဝင်အကြို၊ ဘွဲ့ကြိုသင်တန်းတွေမှာတက်ရောက်ပြီး ကျောင်းဝင်ခွင့်မရရှိခဲ့တဲ့သူတစ်ဦးသာရှိတဲ့အတွက် ကျန်တဲ့ ၈၃ ဦးကို ပညာသင်ဆုရွေးချယ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာသင်ဆုရွေးချယ်ရာမှာ နိုင်ငံတော်သမ္မတပညာသင်ဆုလုပ်ငန်းအဖွဲ့မှ ပညာသင်ဆုတွေ၊ ကျောင်းသားကျောင်းသူများရဲ့ အမှန်ပေးရမယ့်ပညာသင်အခကြေးငွေ(Tution Fees)၊ နောက်တစ်ခါ နိုင်ငံအလိုက် နေထိုင်စားသောက်စရိတ် ကျန်းမာရေးအာမခံကြေးပေးသွင်းရန်လိုအပ်ချက်တွေကို စိစစ်စစ်ဆေးပြီးမှ ပေးချေခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်ငွေ ၃.၄၆၈ ဘီလီယံပေးချေခဲ့ရပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ဒီကျောင်းသူကျောင်းသားတွေကိုပဲ ဆက်လက်ချီးမြှင့်ပါတယ်။ မဟာတန်းမှ ပါရဂူတန်းများ သင်တန်းပြီးဆုံးသူလေးဦးရှိခဲ့ပြီး ပညာဆက်လက်သင်ကြားနေသူကျောင်းသားကျောင်းသူ ၇၉ ဦး ကျန်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ တက်ရောက်ဆဲ ကျောင်းသားကျောင်းသူ ၇၉ ဦးအတွက် ပညာသင်နှစ်တစ်နှစ်စာအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေစရိတ်အဖြစ် ကျပ်ငွေ ၄.၈၈၈ ဘီလီယံ လျာထားခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်မှ လတ်တလောလိုအပ်နေတဲ့ အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်များမှ လိုအပ်လျက်ရှိတဲ့ ဘာသာရပ်များအတွက် ဘွဲ့လွန်မဟာတန်း၊ ဘွဲ့လွန်ပါရဂူတန်းတွေကို ထူးချွန်တဲ့ဆရာဆရာမများနဲ့ ဝန်ထမ်းများကို နိုင်ငံတော်သမ္မတပညာသင်ဆုပေးအပ်ရန် ဝန်ထမ်း ၈၀ ဦးအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၆.၅၁၇ ဘီလီယံ လျာထားခဲ့ပါတယ်။ ဘွဲ့လွန်မဟာတန်းနဲ့ ဘွဲ့လွန်ပါရဂူတန်းများအတွက် နိုင်ငံ့ဝန်ထမ်းများကို စေလွှတ်မယ့်အစီအစဉ်များကို နိုင်ငံတော်သမ္မတရုံးသို့ လမ်းညွှန်မှုခံယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခင် ၇၉ ဦးကတော့ ဘွဲ့ကြိုကနေ မဟာဘွဲ့ရသည်အထိ အဆင့်ဆင့် ဆက်လက်ပညာသင်ဆုပေးရမယ့်အတွက် ကုန်ကျစရိတ်များစွာရှိပါတယ်။ ဒီလိုပဲ နောက်ထပ်အသစ် ဘွဲ့ကြိုအဆင့်ကနေ ဘွဲ့လွန်မဟာဘွဲ့အထိ နှစ်စဉ်ကျောင်းသားသစ်များခေါ်ယူနိုင်ရန် နိုင်ငံတော်ဘဏ္ဍာ

များစွာသုံးစွဲရမှာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ ရှိရင်းသင်ကြားနေတဲ့ ၇၉ ဦးအတွက်သာ အစအဆုံး ဘတ်ဂျက်လျာထားပြီး နောင်အသစ် လျာထားတဲ့ပညာသင်ဆုကိုတော့ နိုင်ငံအတွက် လတ်တလောလိုအပ်တဲ့ ပညာရပ်အသစ်တွေအတွက် ဝန်ထမ်းတွေ၊ ဆရာဆရာမတွေကို ဦးစားပေးပြီး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ဒီအတွက် နိုင်ငံတော်သမ္မတ ပညာသင်ဆု အစား ယခုအခါ နိုင်ငံတော်ပညာသင်ဆုအဖြစ် ပြောင်းလဲသတ်မှတ်ပြီး နိုင်ငံတော် ပညာတော်သင်ဆု စိစစ်ရေးကော်မတီကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကော်မတီမှာ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး အခြားသောဝန်ကြီးဌာနများမှ စိုက်ပျိုးရေးတို့၊ သစ်တောတို့၊ ကျန်းမာရေးတို့ ဒီဌာနများကလည်း အထူးလိုအပ်လျက်ရှိတဲ့ ပညာတော်သင်များ စေလွှတ်နိုင်ဖို့ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ပညာသင်ဆုလုပ်ငန်းအဖွဲ့လည်း သီးခြားဖွဲ့စည်းထားပါတယ်။ ဒါကတော့ အထူးလိုအပ်တဲ့ဘာသာရပ်၊ ဘယ်တက္ကသိုလ်ကလည်း၊ ဘယ်ဘာသာရပ်လည်း၊ ဘယ်နှယောက်လဲ စသဖြင့် စိစစ်နိုင်ဖို့က အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး အခြားသောဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အခြားသောတက္ကသိုလ်များအားလုံး က ပါမောက္ခချုပ်များကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ နိုင်ငံတော်ပညာသင်ဆုရွေးချယ်ရေးလုပ်ငန်းအဖွဲ့အနေနဲ့ နိုင်ငံတော်ပညာသင်ဆုရွေးချယ်ရေးစီမံချက် အသေးစိတ်အချက်အလက်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြုစုလျက်ရှိပြီး နိုင်ငံတော် သမ္မတရုံးသို့ တင်ပြလမ်းညွှန်မှုခံယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ပညာသင်ဆု ရွေးချယ်ရာမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်မယ့် အရည်အချင်းရှိတဲ့လူငယ်မျိုးဆက်သစ်ခေါင်းဆောင်တွေ ပေါ်ထွန်းလာစေရေးအတွက်ရည်ရွယ်ပြီး ဒီပညာသင်ကြားရာမှာ ပိုပြီးစနစ်ကျစေဖို့ ပညာသင်လက်ခံမယ့်နိုင်ငံတကာရှိတက္ကသိုလ်များနဲ့ MOU အရင်ရေးထိုးဆောင်ရွက်ပါမယ်။ ပြီးတော့မှ နိုင်ငံတော်အတွက် လိုအပ်နေသောပညာရပ်နယ်ပယ်များ အတွက် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ပညာသင်ဆုအဖြစ် မဟာတန်းနှင့် ပါရဂူတန်းများကို စာချုပ်ချုပ်ဆိုဆက်လက်ဆောင်ရွက်စေလွှတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကကွာခြားချက်ကတော့ အရင်တုန်းကတော့ ဘယ်သူမဆို ဘယ်လိုအစီအစဉ်ဖြစ်ဖြစ်၊ ဘယ်တက္ကသိုလ်မဆို ပညာသင်ထောက်ပံ့နိုင်ရန် စီစဉ်ခဲ့ပေမဲ့ ယခုအခါမှာတော့ နိုင်ငံတော်ပညာသင်ဆုအနေနဲ့ လိုအပ်လျက်ရှိတဲ့ဆေးတက္ကသိုလ်တွေ၊ တိရစ္ဆာန်မွေးမြူရေးတက္ကသိုလ်တွေ၊ စိုက်ပျိုးရေးတက္ကသိုလ်တွေ နိုင်ငံတော်ရဲ့အဆင့်မြင့်ပညာရေးကဏ္ဍမှာ လိုအပ်ချက်ကိုသာ ဦးစားပေးစိစစ်ပြီး နိုင်ငံတော်ပညာသင်ဆုအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ချက်နဲ့ပတ်သက်ပြီး အသေးစိတ်စီမံချက်တွေ၊ လျှောက်ထားသူတွေအတွက် သတ်မှတ်ချက်တွေ ရွေးချယ်ရေးမူတွေကို ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနရဲ့ Official Website [www.moe.org.mm](http://www.moe.org.mm) မှာ ဖော်ပြထားပါတယ်။ နောက်အခါအားလျော်စွာ အစိုးရပိုင်သတင်းစာတွေမှာ ကြေညာပါတယ်။ ရွေးချယ်ခံရသူရဲ့အမည်စာရင်းတွေကို အချိန်နှင့်တစ်ပြေးညီ စသဖြင့် ကြေညာ

ပေးပါတယ်။ အများပြည်သူသိရှိနိုင်ပါစေရန် ပွင့်လင်းမြင်သာစွာဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်မေးခွန်းမေးခွင့်ပြုပါ။ ဝန်ကြီးရှင်းပြသွားတဲ့အတွက် နိုင်ငံတော်ပညာသင်ဆုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်နောက်ထပ် ထပ်ပြီးသိချင်တာက ပညာသင်ဆုဆိုတာက အခုလက်ရှိပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတာက နိုင်ငံတကာကို သွားသင်တဲ့သူတွေအတွက်ပဲ ပညာသင်ဆုဖြစ်နေပါတယ်။ ပြည်တွင်းမှာလည်း ကျွန်တော်တို့ အားကိုးမာန်တက်လုပ်နေတဲ့သူတွေ အများကြီးရှိပါတယ်။ ပြည်တွင်းတက္ကသိုလ်အသီးသီးမှာ ကြိုးစားဆောင်ရွက်နေကြတဲ့သူတွေ အများကြီးရှိပါတယ်။ သူတို့အတွက်ရော ဒီနိုင်ငံတော်ပညာသင်ဆုထဲက ပြည်တွင်းတက္ကသိုလ်မှာ ထူးချွန်စွာ ဆောင်ရွက်နေသူတွေအတွက် ပညာသင်ဆုပေးဖို့အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် ထပ်ဆင့် တစ်ဆက်တစ်စပ်တည်းမေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းလို့ တင်ပြရရင် ကျွန်တော်တို့ စောစောကတင်ပြတဲ့ဘွဲ့ကြိုသင်တန်းတွေမှာ ပညာရည်ချွန်ဆုရှိပါတယ်။ နောက်ပညာသင်ထောက်ပံ့ကြေးဆု ရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ပညာရည်ချွန်ဆုဆိုရင် တက္ကသိုလ်တွေမှာ ၁၀ ရာခိုင်နှုန်းလောက်ရောက်ရှိရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြည်တွင်းမှာရှိတဲ့ကျောင်းသားကျောင်းသူများအတွက် ပညာသင်အခွင့်အလမ်းထောက်ပံ့နိုင်ရန် စီစဉ်ခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အခြားသောဆရာဆရာမများ၊ ဝန်ထမ်းများအတွက်အခွင့်အလမ်းကတော့ ကျွန်တော် ခုနက ရှင်းလင်းတင်ပြတဲ့ထဲမှာပါပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ MOU တွေထိုးဖို့ကြိုးစားပါတယ်။ MOU ထိုးရခြင်းရည်ရွယ်ချက်က တက္ကသိုလ်တွေအနေနဲ့ Free Tution ပေးနိုင်လား၊ ကျောင်းလခလွတ်ငြိမ်းခွင့်ပေးနိုင်လား၊ ဒါမှမဟုတ် နေရာထိုင်ခင်းထောက်ပံ့နိုင်သလား၊ ဒါမှမဟုတ် ပေးသွင်းရတဲ့စရိတ်စကရဲ့ ရာခိုင်နှုန်းတချို့ကိုလျှော့ပေးနိုင်သလား၊ ဒါမှမဟုတ် လုံးဝလွတ်ငြိမ်းခွင့်ပြုမလား ကျွန်တော်တို့ ကြိုးစားပါတယ်။ ကြိုးစားလို့ရရှိရင် Information Drop လုပ်ပါတယ်။ တက္ကသိုလ်အသီးသီးက ဆရာဆရာမတွေသိရှိအောင်ဘယ်တက္ကသိုလ်ကတော့ ဘယ်လိုအခွင့်အလမ်းပေးဖို့ရှိလဲ၊ ဘယ်လို DADT အဖွဲ့အစည်းကတော့ ပညာသင်ဆုဘယ်နှစ်ဆုပေးဖို့ရှိလဲ ဒါတွေကိုလျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း ကျွန်တော်တို့ အသိ ပေးလေ့ရှိပါတယ်။ လျှောက်ထားဆောင်ရွက်နိုင်အောင်လည်း အခွင့်အလမ်းများရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေသော သရုပ်ပြအဆင့်မှ လက်ထောက်ကထိက၊ ကထိကနှင့် ပါမောက္ခအဆင့် ရာထူးတိုးမြှင့်ပေးရာတွင် ဌာနတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမျှတစွာ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဦးစွာ မေးခွန်းမေးမြန်းရတဲ့အကြောင်း တရားကို တင်ပြလိုပါတယ်။ တိုင်းပြည်နောင်ရေးရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကဏ္ဍမှာ ငွေကြေး ရင်းနှီးမှုရှိရုံနဲ့တော့ မလုံလောက်သေးပါဘူး။ မူဝါဒကောင်းတွေရှိရဦးမည်ဖြစ်ရာ သင်ကြားရေး အပိုင်းရော၊ သင်ကြားမယ့်သူအပိုင်းတို့ ပါဝင်ပါတယ်။ သင်ကြားတဲ့ဆရာများမှာ ခေတ်စနစ်နဲ့လျော်ညီ တဲ့ နိုင်ငံ့သားကောင်းတွေကိုမွေးထုတ်ဖို့ အရည်အချင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်မှု၊ လန်းဆန်း တက်ကြွမှုတွေရှိရမှာဖြစ်ပေမဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ဆန့်ကျင်ကွဲလွဲနေတဲ့အခြေအနေတွေ ဖြစ်ပေါ် နေခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ မေးခွန်း(၁)ကတော့ ပညာရေး ဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေသော သရုပ်ပြအဆင့်မှ လက်ထောက်ကထိကနှင့် ပါမောက္ခအဆင့်ရာထူးတိုးပေးရာတွင် ဌာနတွင်းလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမျှတစွာ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ မေးခွန်း(၂)ကတော့ အမှန်တကယ် တာဝန် ထမ်းဆောင်ခြင်းလည်းမရှိ၊ ဌာနလည်းမရှိသော ပြည်နယ်ကျောင်းများတွင် အမည်ပြုရာထူးတိုးပေးခြင်း အား နောက်ထပ်မဖြစ်အောင် တားမြစ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိတို့ဖြစ်ပါတယ်။ မေးခွန်း(၁) ဖြစ်ပေါ်ရခြင်းမှာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က ပညာရေးဝန်ကြီးဌာနအောက်တွင်ရှိသော နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်တို့တွင် လုပ်ငန်းခွင် မျှော်လင့်ချက် ကင်းမဲ့မှုခံစားနေရပြီး နိုင်ငံတော်တိုးတက်ရေးနှောင့်နှေးစေမယ့်မူဝါဒများ တိုက်ဖျက် ရန်အတွက် လုပ်ငန်းခွင်ရာထူးတိုးမညီမျှမှုများကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် နိုင်ငံတစ်ဝန်း ဖဲကြိုးပြာလှုပ်ရှားမှု စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလိုဖြစ်ရတာကို လေ့လာလိုက်တဲ့အခါမှာ ဦးစီးဌာနမတူ ရင် နေရာအပြောင်းအရွှေ့မပေးဘူးဟုသိထားသော်လည်း တစ်ဦးစ၊ နှစ်ဦးစ ပြောင်းပေးနေခြင်း၊ လက်ရှိနေရာတွင် သုံးနှစ်သာတာဝန်ထမ်းဆောင်ရန်လို့ ပြဋ္ဌာန်းပေမဲ့ ရာထူးတိုးနေရာပြောင်းရွှေ့သူ များ ရှိနေသလို ရန်ကုန်တွင် ၁၀ နှစ်နီးပါးကြာသည်အထိ အလုပ်လုပ်နေသော်လည်း ရာထူးတိုးပြီး မပြောင်းရွှေ့ရခြင်း၊ မကြာခင်က ရာထူးတိုးပြောင်းရွှေ့ခြင်းပြုလုပ်ခဲ့ရာမှာ ရန်ကုန်တွင် အနေကြာသူ များအား နယ်တက္ကသိုလ်များမှ အနေကြာသူများနှင့် တစ်လှည့်စီပြောင်းပေးရန်ဖြစ်သော်လည်း မပြောင်းရသူများရှိနေခြင်း၊ နယ်ဆင်းပြီးသူများကို နယ်ဝေးကိုပြန်လွှတ်၊ ရန်ကုန်ကသူကို အနီးတစ်ဝိုက် ကနေပြီး ရန်ကုန်ကိုပြန်ဝင်ခိုင်းခြင်း၊ Ph.D ဘွဲ့ရ ဒုတိယပါမောက္ခများအား ပါမောက္ခရာထူးသို့ တိုးမြှင့် ပေးရာတွင် အချို့မှာ ရာထူးတိုးပြီး တစ်နှစ်သာရှိသူများကို ထပ်မံတိုးပေးခြင်းအပြင် နေရာမပြောင်းရွှေ့ ခိုင်းခြင်း၊ ကျန်နယ်မှသူများကို ရာထူးတိုးထွက်မလာခြင်းကြောင့် နစ်နာရခြင်း၊ အချို့မှာ အလုပ်စဝင် စဉ်ကပင် ရာထူးတိုးမပေးခြင်းအပြင် ထိုသူများကို ရာထူးတိုးရန် စာမေးပွဲဖြေရမည်ဟု အမိန့်ထွက်လာ ခြင်းတို့ကြောင့် မကြာခဏ ပြောင်းလဲနေတဲ့မူဝါဒ၊ မျှတမှုမရှိတဲ့မူဝါဒတွေကြောင့်ဖြစ်တယ်လို့ သိရှိရ

ပါတယ်။ ဒါကတော့ မေးခွန်း(၂)အတွက် ဖော်ပြချက်ဖြစ်ပြီး တာဝန်ပေးထားခြင်း ဖြစ်ပါတယ်။ အဆိုပါ ဖော်ပြချက်မှာ အထက် Slide ကပြည်နယ်ကျောင်းတွေမှာမရှိတဲ့ ဌာနရဲ့အမည်ကိုပြပြီး ရာထူးတိုးပေး လိုက်တာဖြစ်ပြီး လူတွေကတော့ မြို့ပေါ်ကျောင်းမှာပဲ တာဝန်ထမ်းဆောင်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့် စာရွက်ပေါ်မှာသာရာထူးတိုးခြင်း၊ နေရာပြောင်းရွှေ့ခြင်းနဲ့ ဟန်ပြအလုပ်လုပ်နေတယ်ဆိုတာကို မြင်တွေ့နိုင်ပါတယ်။ လူထုကိုဗဟိုပြုပြီးဆောင်ရွက်ကြရမယ့် ဒီမိုကရေစီနိုင်ငံရေးစနစ်မှာ စာရွက်ပေါ် မှာသာအလုပ်လုပ်ခြင်းဟာမဖြစ်သင့်တဲ့ကိစ္စရပ်သာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တာဝန်ထမ်းဆောင်နေ ကြတဲ့ ဆရာဆရာမများရဲ့ အလုပ်ခွင်မျှော်လင့်ချက် ဘဝတက်လမ်းတွေကို ရိုက်ချိုးသလိုမဖြစ်စေဖို့ အမိမဲ့သား ရေနည်းငါးလို အားကိုးရာမဲ့မဖြစ်စေဖို့ တိကျမျှတတဲ့ ဌာနတွင်းမူဝါဒတွေနဲ့သာ ကျင့်သုံး နိုင်ဖို့ အထက်ပါမေးခွန်းနှစ်ခုကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်နှင်းသစ်၏ မေးခွန်းဖြစ်သော ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေ သော သရုပ်ပြအဆင့်မှ လက်ထောက်ကထိက၊ ကထိကနှင့် ပါမောက္ခအဆင့်များ ရာထူးတိုးပေးရာတွင် ဌာနတွင်းလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမျှတစွာ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ၊ ဒုတိယမေးခွန်း အနေနဲ့ အမှန်တကယ်တာဝန်ထမ်းဆောင်ခြင်းမရှိ၊ ဌာနလည်းမရှိသော ပြည်နယ်ကျောင်းများတွင် အမည်ပြရာထူးများတိုးပေးခြင်းအား နောက်ထပ်မဖြစ်အောင် တားမြစ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်မှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နဲ့ ကောလိပ် စုစုပေါင်း ၁၅၆ ခုရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဒီတက္ကသိုလ်၊ ကောလိပ်တွေရဲ့ ဆရာ၊ ဆရာမ များအားလုံးရဲ့ ရာထူးတိုးကိစ္စရပ်တွေကို ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် အညီ ၎င်းတို့၏ လက်ရှိရာထူးလုပ်သက်၊ စုစုပေါင်းလုပ်သက် အစရှိတာတွေကို အခြေခံပြီး ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရဲ့ သတ်မှတ်ချက်များနှင့်အညီ တစ်ပြေးညီဖြစ်စေရေးဆိုတာ မူဝါဒအားဖြင့် တစ်ပြေးညီဖြစ်စေရေးဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ရာထူးတိုးရင် ရှိသမျှလူအားလုံး ရာထူးတိုးရမယ်ဆိုတဲ့ တစ်ပြေးညီတော့ မဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ မဆောင်ရွက် နိုင်တာလည်း ကျွန်တော်ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ ဖွဲ့စည်းပုံလစ်လပ်မှုအင်အား၊ လုပ်ငန်း သဘောအရ လိုအပ်ချက်အင်အားအရသာဖြစ်ပါတယ်။ သို့သော် ရာထူးတိုးမြှင့်ရေး ဆောင်ရွက်တဲ့ မူဝါဒကတော့ အားလုံးအတွက် တစ်ပြေးညီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆင့်မြင့်ပညာဦးစီး ဌာနလက်အောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ်တွေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ သင်ကြားရေး တာဝန် ထမ်းဆောင်နေကြရတဲ့ ဆရာ၊ ဆရာမများအားလုံး ရာထူးအဆင့်အလိုက် တစ်ဆင့်မြင့်ရာထူး များပေးအပ်နိုင်ရေး၊ ပြောင်းရွှေ့တာဝန်ပေးအပ်နိုင်ရေးတို့အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ

အချက်များနှင့်အညီ ၎င်းတို့၏လက်ရှိရာထူးလုပ်သက်၊ စုစုပေါင်းလုပ်သက် အစရှိတာတွေအခြေခံပြီး မူဝါဒများချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့ ရာထူးအဆင့်အသီးသီး အတွက် ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းတို့ ဆောင်ရွက်ခဲ့ရာမှာ အချို့ အဆင့်တွေမှာ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နည်းပြ/သရုပ်ပြများရဲ့ ရာထူးတိုးကိစ္စရပ်တွေကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဖြေကြားချက်က ပြီးခဲ့တဲ့တစ်လက ဖြစ်ပါတယ်။ အခုအချိန် မှာတော့ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ရဲ့ ခွင့်ပြုချက်ရရှိပြီးတဲ့အတွက် ဆောင်ရွက်ရန်ရှိဖွယ်ကိစ္စရပ်များ အားလုံး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ သက်ဆိုင်ရာ ရာထူးတိုးအမိန့်တွေ လည်း တစ်ပတ်ခြားစီ ရာထူးဝန်အဖွဲ့ရဲ့ ခွင့်ပြုချက်အတိုင်း ကျွန်တော်တို့ ဆက်လက်ထုတ်ပြန်ပေး လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ရာထူးတိုးမြှင့်ခြင်းတွေဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်များနှင့်အညီသာ ဆောင်ရွက်ဖို့ရှိပါတယ်။ ရာထူးတစ်ခုတိုးမြှင့်ပေးရန် ဖွဲ့စည်းပုံလစ်လပ်မှု၊ ရာထူးတူဆရာ/ဆရာမအားလုံးအတွက် သတ်မှတ်မှု နဲ့ကိုက်ညီပါက အခွင့်အရေးသာတူညီမျှရရှိစေရေးနှင့် တန်းစီဇယားပါ ဘက်မလိုက်ဘဲ နစ်နာမှုမရှိစေ ရေးတို့အတွက်ပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ ဒုတိယမေးခွန်းဖြစ်တဲ့ ထောက်ပြဆွေးနွေးချက်ဖြစ်သော အမှန်တကယ် တာဝန်ထမ်းဆောင် ခြင်းရှိ/မရှိ၊ ဌာနလည်းမရှိသော ပြည်နယ်ကျောင်းများတွင် အမည်ပြရာထူးတိုးပေးခြင်းနှင့်စပ်လျဉ်း၍ တက္ကသိုလ်အသီးသီးမှာ လက်ရှိရာထူးသတ်မှတ်ချက် ကိုက်ညီသူများအားလုံးကို တက္ကသိုလ်များရဲ့ ဖွဲ့စည်းပုံအင်အားအလိုက် တစ်ဆင့်မြှင့်ရာထူးပေးအပ်ခြင်းတွေကို ဆောင်ရွက်ပြီး ဖွဲ့စည်းပုံလုံလောက် ခြင်းမရှိတဲ့အတွက် တက္ကသိုလ်များမှာ ၎င်းတို့ရဲ့ဘာသာရပ်တူ အခြားတက္ကသိုလ်များမှ ဖွဲ့စည်းပုံအချို့ ကို ရယူဆောင်ရွက်ပြီး ဒီ သင်တန်းသား၊ သင်တန်းသူ ကျောင်းသားအင်အားများတဲ့ တက္ကသိုလ်တွေမှာ တွဲဖက်ထမ်းဆောင်ခြင်းမျိုးသာ ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စုစုပေါင်းနှစ်ဦးရှိပါတယ်။ နောက် ရာထူးတူ၊ အရည်အချင်းတူလျှောက်တဲ့အထဲက ခြောက်ဦးရာထူးတိုးမရရှိခြင်းသည် သူတို့သည် ဆန္ဒပြုကတည်းက ဒေသမရွေး တာဝန်ထမ်းဆောင်ပါမည်လို့ ကတိခံဝန်ချက်မပြုပါဘူး။ မပြုဘဲနဲ့ မိမိလက်ရှိတက္ကသိုလ်မှာသာ ဆက်လက်တာဝန်ထမ်းဆောင်လိုပါကြောင်းနှင့် ဖွဲ့စည်းပုံအရ ရာထူးတိုးပါကလည်း ရာထူးတိုးမယူပါကြောင်း ပြောထားသူတွေသာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့် မှာတော့ ဒီမူတွေ၊ အသေးစိတ်ဇယားတွေ အပြည့်အစုံပါပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် ဇယားတစ်ခုချင်း၊ အသေးစိတ်တင်ပြခြင်း မပြုတော့ပါဘူး။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ခဲ့တာတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အတိုင်းပဲ ဒီဇွန်လအတွင်းမှာ ဖဲကြိုးပြာလုပ်ရှားမှုဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။ စသိတုန်း ကတော့ မည်သူမည်ဝါက ဒါကို မမျှတဘူးလို့ထင်တယ်။ ဘယ်အချက်က မမျှတဘူးဖြစ်တယ်။ ဘယ်လောက်ဘယ်နေရာတွေမှာ မသင့်လျော်ဘူးဖြစ်တယ်ဆိုတာ ကျွန်တော်တို့ အတိအကျ မသိ ပါဘူး။ နောက်တစ်ပတ်အတွင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆရာများအဖွဲ့ချုပ်က ဒီလိုပဲ အခြေအနေ လာရောက်ဆွေးနွေးတာ ရှိပါတယ်။ ဒါ ကျွန်တော်တို့အနေနဲ့လည်း ပွင့်လင်းမြင်သာစွာ ဒါကနိုင်ငံတော် ဖွဲ့စည်းပုံ၊ ဒါကဝန်ထမ်းဥပဒေ၊ ဒါက အဆင့်မြင့်ပညာဦးစီးဌာနရဲ့မူဝါဒ၊ ဒါကလက်ရှိ အင်အား၊

ဒါကလစ်လပ်နေတဲ့ ဖွဲ့စည်းပုံ၊ သတ်မှတ်ထားတဲ့ပညာအရည်အချင်း၊ ကဲအကုန်ကြည့်။ မသင့်လျော်တာ၊ မဆီလျော်တာရှိရင်ပြောဆို။ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ပါတယ်။ ဆိုတော့ သူတို့လည်း ဒီဆရာဆရာမအများစုထဲက ဆန္ဒတွေဖြစ်သင့်၊ ဖြစ်ချင်တာတွေ ညှိနှိုင်းတဲ့အခါမှာ ဥပဒေအရဖြစ်လို့ရပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။

နောက်တစ်ပတ်နေတော့ နည်းပညာနှင့်ကွန်ပျူတာ ဆရာများသမဂ္ဂဆိုတာ ဖွဲ့ပါတယ်။ ချက်ခြင်း ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ဖိတ်ခေါ်ပြီးရင် မြန်မာနိုင်ငံဆရာများသမဂ္ဂကို ရှင်းပြသလိုပဲ ဒါအချက်အလက်အကုန်လုံးသူတို့ကို ချပြပါတယ်။ ကျွန်တော်တို့ ဒီဥပဒေနဲ့ကျော်လွန်ပြီး ဘာတစ်ခုမှ ဆောင်ရွက်လို့မရဘူး။ ဒီဆောင်ရွက်ထားမှုအားလုံးသည် ဥပဒေဘောင်အတွင်းက ဟုတ်/မဟုတ်။ မဟုတ်ရင် ချက်ချင်းလိုတာပြောဆိုတာ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တော့ သူတို့လည်း အသေးစိတ်ကြည့်ပေးတဲ့အခါမှာ ဒီဘာမှတော့အထူးအထွေ မကိုက်ညီဘူး။ မညီညွတ်ဘူးမပြောပါဘူး။ သို့သော် ဆရာဆရာမအားလုံးအတွက် ဖြစ်နိုင်သမျှ ရာထူးတိုးဆောင်ရွက်ပေးနိုင်ရန် သူတို့ မေတ္တာရပ်ခံပါတယ်။ အဲဒီတော့ ကျွန်တော်တို့လည်း ဆောင်ရွက်တဲ့နေရာမှာ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ရဲ့ ကန့်သတ်ချက်တွေ၊ ဥပဒေတွေ ဒါရှိပါတယ်။ ဆိုတော့ တချို့အချက်တွေဆို ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ကို ကျွန်တော်တို့ မေတ္တာရပ်ခံရပါတယ်။ ကျွန်တော်တို့မှာ ထူးခြားသောအခြေအနေရှိပါတယ်။ ဒီဆရာဆရာမတွေအားလုံးသည် ဒီအလုပ်ခွင်ဝင်တာမှာ တစ်စုတစ်ဝေးတည်း၊ တစ်ချိန်တည်း၊ တစ်နှစ်တည်း ဝင်တာတွေများသည့်အတွက် ရှိသမျှလူအားလုံး တစ်ပြိုင်နက် ရာထူးတိုးခွင့်ရအောင် အခက်အခဲရှိပါတယ်။

ထို့အတွက် တချို့သော လုပ်ထုံးလုပ်နည်းတွေ၊ တချို့သော နည်းဥပဒေလေးတွေ ဖြေလျှော့ပေးပါရန် ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ကို တင်ပြပါတယ်။ ဝန်ထမ်းရွေးချယ်ရေး ကတော့ ဒီဥပဒေပြင်ဖို့၊ ဥပဒေဖြေလျှော့ဖို့ မဖြစ်နိုင်ပါဘူး။ ဒါက ဥပဒေတိုင်းလိုက်နာရပါမယ်။ သို့သော် လုပ်ထုံးလုပ်နည်းအပိုင်းကို ကျွန်တော်တို့ ပြန်လည်ညှိနှိုင်းပေးပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီလက်ထောက်ကထိက ပြန်တမ်းဝင်အရာရှိအဆင့်ဟာ ဘယ်သူ့မှာမှ အာဏာမရှိပါဘူး။ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်သာဖြစ်ပါတယ်။ အဲဒီတော့ အများသိတဲ့အတိုင်းပဲ အရာထမ်းဝင်ပေါက် ရာထူးဖြေရင် သတ်မှတ်ထားတဲ့ စစ်ဆေးမှုတွေ ခံယူရပါတယ်။ (၁) နိုင်ငံ့ဝန်ထမ်းဖြစ်ထိုက်/မဖြစ်ထိုက်။ ဒါရေးဖြေစာမေးပွဲဖြေရပါမယ်။ ဒီစာမေးပွဲသည် အင်ဂျင်နီယာ ဘယ်လောက်တော်လည်း စစ်တာမဟုတ်ပါဘူး။ ဆရာဝန်ဘယ်လောက်တော်လည်း စစ်တာမဟုတ်ပါဘူး။ ပြည်သူ့ဝန်ထမ်းကောင်း ဖြစ်ထိုက်၊ မဖြစ်ထိုက်။ ဒါရေးဖြေဖြေရပါတယ်။ ဒါဟာ ဥပဒေအရပါ။ ပြီးရင် ဒါနှုတ်ဖြေ ကိုယ့်ရဲ့ပင်ကိုယ်အရည်အသွေး(Personality)တွေသိအောင် နှုတ်ဖြေဖြေရပါတယ်။ ဒါ့အပြင် စိတ်အခြေအနေလည်း ဖြေရပါတယ်။ အဲဒီတော့ ဒီလောက်များတဲ့ Process တွေကို နည်းနည်းလေးလွယ်ကူအောင် နှုတ်ဖြေတစ်မျိုးတည်းမှာ သုံးခုလုံးပါအောင် ဝန်ထမ်းရွေးချယ်ရေးအဖွဲ့အနေနဲ့ ကျွန်တော်တို့ကို ဒါညှိနှိုင်းဖြေလျှော့ပေးပါတယ်။

အဲဒီတော့ ဥပဒေအားဖြင့်ကတော့ ကျွန်တော်တို့ ဒါတွေကို ဆောင်ရွက်ရပေမဲ့ ယခင် ယခင်နှစ်များမှာတော့ ပြည့်စုံအောင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် ဥပဒေအရ မပြည့်မစုံ ဆောင်ရွက်ခဲ့တဲ့အခြေအနေကနေ ဥပဒေအရ ပြည့်စုံအောင်ဆောင်ရွက်ဖို့ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ရဲ့

ဥပဒေအရ လမ်းညွှန်တာကို ဆောင်ရွက်တဲ့အခါမှာ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသလို မလို အပ်ဘဲနဲ့ စာမေးပွဲစစ်တယ်လို့၊ မလိုအပ်ဘဲနဲ့ လူတွေ့မေးတယ်လို့ ဒီလိုတွေ ဆရာဆရာမများဘက်က ထင်စရာမြင်စရာတွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အချုပ်အားဖြင့် တင်ပြရရင် ဥပဒေပါ အချက်အလက်များအတိုင်း ကျွန်တော်တို့ အားလုံးလိုက်နာပါတယ်။ ဒီဖွဲ့စည်းပုံရှိသမျှကိုလည်း အသုံး ပြုလို့ရပါတယ်။ ဒီလုပ်ငန်းအရ လိုအပ်သမျှပဲ ခန့်ထားလို့ရပါတယ်။ ဒီဝန်ထမ်းရွေးချယ်ရေး ဥပဒေ အရ ဒီအဆင့်များစွာ လိုသည့်တိုင်အောင် ဒီအဆင့်တွေကို ချုံ့ပြီးတော့ သဘောတရား အားလုံးတစ်ခါ တည်းပြည့်စုံအောင် ဒါဝန်ထမ်းရွေးချယ်ရေး ဥက္ကဋ္ဌကြီးရဲ့။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ပြင်ဦးလွင်မြို့ မော်တော်ယာဉ်နည်းပညာသင်သုတေသနဌာနဝင်းအတွင်း လုပ်ငန်းခွင်ကျွမ်းကျင်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်မည့် Vocational Training သင်တန်းများနှင့် AGTI ဒီပလိုမာသင်တန်းကျောင်း ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေ။ ကျွန်တော် ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က မေးလိုသည်မှာ ပြင်ဦးလွင်မြို့ မော်တော်ယာဉ် နည်းပညာသင်သုတေသနဌာနဝင်းအတွင်း လုပ်ငန်းခွင်ကျွမ်းကျင်မှု အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်မည့် Vocational Training သင်တန်းများနှင့် AGTI ဒီပလိုမာသင်တန်းကျောင်း ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြင်ဦးလွင်မြို့မှာ မော်တော်ယာဉ်နည်းပညာသုတေသနဌာနဟာ စုစုပေါင်း ၁၉.၃၁၁ ဧကကျော် ရှိပါ တယ်။ ယခု မော်တော်ယာဉ်နည်းပညာသုတေသနဌာနက ၁၉၆၅ ခုနှစ်မှာ ယခင် စိန့်အဲဘတ်သင်တန်း ကျောင်း ပြည်သူပိုင်သိမ်းပြီးတော့ ပညာရေးဝန်ကြီးဌာနပိုင်ဖြစ်ခဲ့ပါတယ်။ ဒီသင်တန်းမှာဘယ်လိုတွေ ဖွင့်ခဲ့လဲဆိုလို့ရှိရင် ၁၉၄၅ ခုနှစ်မှ ၁၉၆၅ ခုနှစ်ထိ စိန့်အဲဘတ်အထက်တန်းကျောင်းဖွင့်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်ကနေ ၁၉၆၇ ခုနှစ်ထိ အ.ထ.က(၃) ဖွင့်ခဲ့ပါတယ်။၁၉၆၇ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်ထိ စက်မှုလက်မှု အထက်တန်းကျောင်း ၃၁ နှစ်ကြာဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ခုနှစ်ထိ စက်မှုဆရာဖြစ် အထူးသင်တန်းကျောင်း ဖွင့်ခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ကျွန်တော်တို့ ၂၀၀၆ ခုနှစ်ထိ သင်တန်းတွေပဲအသီးသီးဖွင့်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်ထိ နည်းပညာ သုတေသနဌာန(ပြင်ဦးလွင်) သုတေသနလုပ်ငန်းများနဲ့ ဝန်ထမ်းများ၏ B-tech Design and Drawing သင်တန်း၊ BE Manufacturing Engineering သင်တန်းများ၊ ဆရာဆရာမများအတွက် လက်တွေ့သင်တန်းများလည်း ဖွင့်လှစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ၂၀၁၅ ခုနှစ်မှစပြီးတော့ ယနေ့ထိ မော်တော်ယာဉ်နည်းပညာ သုတေသန(ပြင်ဦးလွင်)အဖြစ် သုတေသနလုပ်ငန်းများနဲ့ နည်းပညာ တက္ကသိုလ်ကောလိပ်သိပ္ပံကျောင်းများ၏ လုပ်ငန်းခွင် Industrial Training သင်တန်းများဆောင်ရွက် လျက်ရှိပါတယ်။ ထိုသုတေသနဌာနဝင်းအတွင်းမှာ AGTI ဒီပလိုမာသင်တန်းကျောင်းနဲ့ အခြေခံအခြား Vocational Training များဖွင့်လှစ်ပေးပါက ဒေသအတွင်းလူငယ်များ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု

အထောက်အကူဖြစ်စေမှာဖြစ်တဲ့အတွက်၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေမှာဖြစ်တဲ့အတွက် AGTI သင်တန်းနဲ့ Vocational Education Training သင်တန်းများ ဖွင့်လှစ်ပေးဖို့ မေးမြန်းအပ်ပါတယ်။ မော်တော်ယာဉ်သုတေသနဌာနမှာဆိုလို့ရှိရင် ကဏ္ဍသုံးခုဖွင့်လှစ်နိုင်ပါတယ်။ ဘာလဲဆိုလို့ရှိရင် Engineering နဲ့ပတ်သက်တဲ့ AGTI သင်တန်း၊ Mechanical Electronic, ITEP, Civil in Auto Mobile လုပ်ငန်းခွင်အကြိုသင်တန်းများနဲ့ အခြား Vocational သင်တန်းများ၊ သင်ထောက်ကူပစ္စည်းနဲ့ သုတေသနများ ဆောင်ရွက်ပေးနိုင်တယ်လို့ သိရပါတယ်။ လုပ်ငန်းခွင်အကြိုသင်တန်း Industrial Training များ မဖြစ်မနေဆောင်ရွက်ရမယ့်သင်တန်းများ ဖြစ်ပါတယ်။ လက်ရှိကာလမှာလည်း နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ကျောင်းသူကျောင်းသားများကို လက်ရှိဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေဆောင်ရွက်ပေးခြင်းအားဖြင့် ကျွန်တော်တို့လုပ်ငန်းခွင်မှာလည်း တကယ်လက်တွေ့ဖြစ်သလို လုပ်ငန်းခွင်ရောက်နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ဆရာဆရာမများအတွက် သင်ကြားမှုအတတ်ပညာသင်တန်းကျောင်းနဲ့ လုပ်ငန်းခွင်အပြန်အလှန်သင်ကြားနိုင်သော Dual Training များ ဖြစ်လာစေနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လုပ်ငန်းခွင်မဝင်မီ ကြိုတင်ဆောင်ရွက်ပေးနိုင်မယ့် ကာလတိုသုံးလ၊ ခြောက်လသင်တန်းများကိုလည်း သီးသန့်ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့်လည်း အကျိုးကျေးဇူးရှိပါတယ်။ ဒါကြောင့် Vocational သင်တန်းများကို ဒေသနဲ့အညီ ကိုက်ညီစွာ၊ အခါအားလျော်စွာ ဆောင်ရွက်ပေးနိုင်ဖို့လည်း မေးမြန်းလိုပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းများကို ပြင်ဦးလွင်ဒေသတစ်ဝိုက်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ဝိုက်ရှိတဲ့ ပြည်သူပြည်သားများရဲ့ သားငယ်၊ သမီးငယ်၊ လူငယ်များအတွက် လွန်စွာအကျိုးကျေးဇူး ရရှိစေမှာ ဖြစ်ပါတယ်။

ထို့အတွက် ပြင်ဦးလွင်မြို့တွင် ၃၁ နှစ်ကြာဖွင့်လှစ်ခဲ့သော စက်မှုလက်မှုအထက်ကျောင်းနေရာရှိ မော်တော်ယာဉ် နည်းပညာသင်သုတေသနဌာနဝင်းအတွင်း လုပ်ငန်းခွင်ကျွမ်းကျင်မှု အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် Vocational Training သင်တန်းနှင့် AGTI ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာအောင်ခင်ရဲ့ မေးခွန်းဖြစ်သော ပြင်ဦးလွင်မြို့တွင် ၃၁ နှစ်ကြာ ဖွင့်လှစ်သင်ကြားခဲ့သည့် စက်မှုလက်မှုအထက်တန်းကျောင်းနေရာတွင်တည်ရှိသော မော်တော်ယာဉ်နည်းပညာသင်သုတေသနဌာနဝင်းအတွင်း လုပ်ငန်းခွင်ကျွမ်းကျင်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်မည့် Vocational Training သင်တန်းများနှင့် AGTI ဒီပလိုမာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် သက်မွေးပညာသင်ယူနိုင်မည့်အခွင့်အလမ်း တိုးချဲ့ရရှိစေရေး၊ နိုင်ငံသားတို့ရဲ့ အလုပ်အကိုင်ရရှိမှုနဲ့ တစ်ဦးချင်းဝင်ငွေမြင့်မားရေးတို့ကို ရည်မှန်းပြီး ကျွန်တော်တို့ ပုံမှန်သင်တန်းများဖြစ်တဲ့ AGTI ဒီပလိုမာ(၃)နှစ်သင်တန်း၊ GTHS (၂)နှစ်သင်တန်းများကိုသာမက ဒေသလိုအပ်ချက်နဲ့ကိုက်ညီတဲ့ ကာလတို သက်မွေးပညာသင်တန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါ တယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) မှာလည်း နည်းပညာဆိုင်ရာကာလတိုသင်တန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ဒီမော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) ကို အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)အဖြစ် ပြောင်းလဲဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ယခုနှစ် ပညာသင်နှစ်အမီ AGTI သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောသင်ထောက်ကူပစ္စည်း များ ဖြည့်ဆည်းခြင်း၊ ပြင်ဆင်ရန်လိုအပ်သည်များ အဆောက်အဦများပြင်ဆင်ဆောင်ရွက်ခြင်းနဲ့ ဆရာ ဆရာမများဖြည့်ဆည်းဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အစိုးရ စက်မှုလက်မှုသိပ္ပံမှာ ပြင်ဦးလွင်မှာ ဖွင့်လှစ်မယ့်သင်တန်းများသို့ တက်ရောက်ရန် သင်တန်းများ ခေါ်ယူခြင်းကြေညာချက်ကိုလည်း ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းကြေညာဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုနှစ် ဒီဇင်ဘာလမှာ AGTI ဒီပလိုမာပထမနှစ်သင်တန်းဖြစ်တဲ့ Electronic Engineering သင်တန်း၊ Mechanical Engineering သင်တန်းစတဲ့သင်တန်းတွေကို စတင်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တက်ရောက်ကြမယ့် သင်တန်းသားများအတွက်လည်း ပညာသင်ထောက်ပံ့ကြေးတစ်လကို ၃၀၀၀၀ စီစဉ်ထားရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သမိုင်းဘာသာရပ်ကို စာသင်ကျောင်းများတွင် မူလတန်းမှသည် ပါရဂူဘွဲ့အထိ မသင်မနေရ (Compulsory) ဘာသာရပ်အဖြစ် ပြဋ္ဌာန်းသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)။** ။ အာလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၆၂ ခုနှစ်မှာ နိုင်ငံရေးအပြောင်းအလဲတစ်ခု ဖြစ်ပါတယ်။ အဲဒီနှစ် မှာ အစိုးရသစ်တစ်ခု တက်လာပါတယ်။ အဲဒီအစိုးရသစ်က ၁၉၆၄ ခုနှစ်မှာ ပညာရေးစနစ်သစ်ဆို ပြီးတော့ စနစ်အသစ်တစ်ခုပြဋ္ဌာန်းပါတယ်။ အဲဒီစနစ်သစ်အရ ၁၉၆၈ ခုနှစ်မှာ အဋ္ဌမတန်းကို ကျွန်တော်တို့ ဝိဇ္ဇာနဲ့သိပ္ပံခွဲလိုက်ပါတယ်။ အဲဒီတော့ သိပ္ပံနဲ့အောင်တဲ့ကျောင်းသားတွေက အဲဒီအချိန်က စပြီးတော့ သမိုင်းဘာသာရပ်ကို သင်ကြားရခြင်းမရှိတော့ပါဘူး။ ဝိဇ္ဇာနှင့်အောင်တဲ့ ကျောင်းသားတွေ သာလျှင် သမိုင်းဘာသာရပ်ကို ကာလအတိုင်းအတာတစ်ခုအထိ ဆက်ပြီးတော့ သင်ကြားခွင့်ရရှိခဲ့ပါ တယ်။ အဲဒီတော့ ကျွန်တော်တို့ သမိုင်းပါမောက္ခကြီး ဒေါက်တာသန်းထွန်းက ပြောတာ အားလုံး သိတဲ့စကားတစ်ခွန်းရှိပါတယ်။ သမိုင်းကိုသင်တာ မအအောင်။ အဲဒီတော့ ကျွန်တော်တို့ လက်တွေ့ သဘောအရပြောလို့ရှိရင်တော့ ကျွန်တော်တို့ ၁၉၆၈ ခုနှစ်ကစပြီးတော့ အဋ္ဌမတန်း သိပ္ပံနှင့်အောင်တဲ့

ကျောင်းသားတွေဟာ ဒါသမိုင်းနှင့်ဝေးကွာသွားတယ်။ တစ်နည်းအားဖြင့် သူတို့ကို အဖို့အတွက် အခွင့်အလမ်းတွေ ပေးလိုက်သလို ဖြစ်သွားပါတယ်။ သူတို့ ဝါသနာပါလို့ သမိုင်းကိုလေ့လာတယ်ဆိုရင်တော့လည်း အဲဒီကျောင်းသားအနည်းငယ်သာလျှင် သမိုင်းနဲ့ထိစပ်ပြီးတော့ ကျန်တဲ့ကျောင်းသားအများစုဟာ လူအတွေပေါ့။ ဒါပေမဲ့ ဒေါက်တာသန်းထွန်းစကားအရဆိုရင် လူအတွေ ဖြစ်သွားကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့သည် လူတစ်ဦးချင်း အတာက သူ့တစ်ယောက်တည်းအတွက်ပဲပြဿနာရှိပါတယ်။ အဲဒီလူအတွေက လူမိုက်ကံကောင်းဖြစ်ပြီးတော့ ရာထူးအာဏာရတဲ့နေရာရောက်သွားတဲ့အခါကျရင် တိုင်းပြည်အင်မတန်နစ်နာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကမ္ဘာမှာလည်း အားလုံးသိတဲ့အတိုင်းပဲ ဒီလိုလူအတွေကြောင့်မို့လို့ ကမ္ဘာမှာ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်တွေ အများကြီးဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုရင်လည်း ဒါအားလုံးသိတဲ့အတိုင်း လူအတွေ သမိုင်းကိုမသိတဲ့သူတွေ၊ သမိုင်းကိုအလွဲလွဲအမှားမှားသိတဲ့သူတွေကြောင့် အာဇာနည်နေ့လို ကျွန်တော်တို့ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်တွေ ဖြစ်ခဲ့ပါတယ်။ ဒါအင်မတန်ထင်ရှားတဲ့သတ္တိတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ၁၉၉၀ ခုနှစ်အလယ်လောက်မှာ ကျွန်တော်စာအုပ်လေးဖွင့်ပါတယ်။ အဲဒီမှာ ကျွန်တော့်စာအုပ်ဆိုင်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပုံ ချိတ်ထားပါတယ်။ အဲဒီတော့ အဲဒီအချိန်တုန်းက ဘွဲ့ရတဲ့ကျောင်းသားတွေ သုံး၊ လေးယောက် ကျွန်တော့်ဆီ စာအုပ်ဆိုင်လာငှားပါတယ်။ လာငှားတဲ့အခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပုံ သူတို့ကသိပါဘူး။ ဒါကလည်း ကျွန်တော်တို့ အင်မတန် ဝမ်းနည်းစရာကောင်းပါတယ်။ နောက်တစ်ခါ မကြာသေးခင်ကပဲ လူငယ်အချို့နဲ့ ကျွန်တော် မြန်မာ့သမိုင်းကိုခြေရာကောက်ကြည့်ခြင်းဆိုတဲ့ ဟောပြောပွဲလေးတစ်ခုလုပ်ပါတယ်။ အဲဒီမှာလာတတ်တဲ့ လူငယ်တွေအများစုက တက္ကသိုလ်ကျောင်းသားတွေပါ။ ကျောင်းပြီးတဲ့သူတွေလည်းပါပါတယ်။ သူတို့က အင်္ဂလိပ်နဲ့မြန်မာ စစ်ပွဲဘယ်နှစ်ကြိမ်ဖြစ်ခဲ့သလဲဆိုတာ မသိပါဘူး။ နောက်တစ်ခါ ကျွန်တော်တို့ မြန်မာနိုင်ငံကိုသုံးကြိမ်ထူထောင်ခဲ့တဲ့ ဘုရင်တွေရဲ့နာမည်ကိုလည်း မသိပါဘူး။ အဲဒီတော့ သူတို့ရဲ့သမိုင်းဆိုင်ရာနေ့ကြီး၊ ရက်ကြီးနဲ့ပတ်သက်လို့လည်း ကျွန်တော် သူတို့ကို မေးခွန်းလေးတွေ ထုတ်ကြည့်တဲ့အခါ အမျိုးသားအောင်ပွဲနေ့ ဘယ်နေ့ဖြစ်တယ်ဆိုတာကို သူတို့မသိပါဘူး။ အမျိုးသားအောင်ပွဲနေ့ရဲ့ သမိုင်းကြောင်းသိဖို့ဆိုတာကျတော့ ဝေးပါတယ်။ အဲဒီတော့ ကျွန်တော်တို့က သမိုင်းနဲ့ပတ်သက်ပြီးတော့ ဒီလောက်ဗဟုသုတချို့တဲ့နေတဲ့အနေအထားမှာ ဒီဟာကို ကျွန်တော်တို့က ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံကို ကိုယ်စားပြုထားတဲ့ အစိုးရဖြစ်တဲ့အတွက် ဒီအခြေအနေကို ကျွန်တော်တို့က ပြောင်းလဲရတော့မှာဖြစ်ပါတယ်။ အဲဒီတော့ မနှစ်ကတုန်းက ပြန်ကြားရေးဝန်ကြီးဌာနကဦးစီးပြီးတော့ စာတမ်းဖတ်ပွဲလုပ်ပါတယ်။ နိုင်ငံရေး၊ စာပေစာတန်းဖတ်ပွဲ။ အဲဒီမှာ နိုင်ငံရေးစာတန်းရှင်တစ်ယောက်ပေါ့။ ကိုဇော်သက်ဌေးက စာတမ်းဖတ်ပါတယ်။ ပြီးတဲ့အခါကျတော့ ပရိတ်တွေကနေ မေးခွန်းတွေထုတ်ခွင့်ပြုပါတယ်။ အဲဒီမှာ ပရိတ်သတ်တစ်ယောက်က ဘာမေးလဲဆိုတော့ အဲဒီမေးခွန်းလေးကို ကျွန်တော်ဒီမှာ ကိုးကားပြီးပြချင်ပါတယ်။ ဘာလဲဆိုတော့ ယခုနှစ် ရန်ကုန်တက္ကသိုလ်တွင် သမိုင်းအထူးပြုဘာသာရပ်သင်ယူသူမရှိဟု သိရပါသည်။ လူငယ်တွေဟာ သမိုင်းကိုစိတ်မဝင်စားကြ။ စိတ်ဝင်စားမှုလျော့နည်းလာ။ မြန်မာ့သမိုင်းအစစ်အမှန်ဟာ နောင် ၁၀ နှစ်၊ နှစ် ၂၀ ကျော်ဆိုရင် ပျောက်ကွယ်သွားနိုင်သလား။ လက်ရှိလူငယ်၊ လက်ရှိခေတ်နှင့် နောင်သမိုင်းကြောင်းအပေါ် ဆရာ့အမြင်သိချင်ပါတယ်တဲ့။ အဲဒီတော့ဖြေတဲ့သူက ရန်ကုန်တက္ကသိုလ်မှာ သမိုင်းအထူးပြုဘာသာရပ် သင်ယူသူမရှိခြင်းဟာ တိုင်းပြည်ကျရှုံးခြင်းရဲ့ သင်္ကေတဖြစ်ပါတယ်။ သမိုင်းကိုစိတ်မဝင်

စားကြတဲ့အတွက် လက်ရှိအခြေအနေမှာပဲ သမိုင်းတချို့က ပျောက်ကွယ်လျက်ရှိပါတယ်။ နောင်လူငယ်မျိုးဆက်များအနေနဲ့ သမိုင်းကိုစိတ်မဝင်စားဘဲ မေ့ပျောက်ပစ်ပါက မိမိလူမျိုးနဲ့တိုင်းပြည်အပေါ် ကာကွယ်စောင့်ရှောက်ရာမရောက်ဘဲ နောင်မှာ တိုင်းပြည်ပါပျောက်ကွယ်သွားနိုင်ပါတယ်။ ဒါကြောင့် မို့လို့ သမိုင်းကို ကျွန်တော်တို့ မူလတန်းကနေပြီးတော့ ပါရဂူဘွဲ့ရတဲ့အထိ မသင်မနေရ (Compulsory) ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးဖို့ ပညာရေးဝန်ကြီးဌာနမှ အစီအစဉ်ရှိ/မရှိ ဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်လွင်၏ မေးခွန်းဖြစ်သော သမိုင်းဘာသာရပ်ကို စာသင်ကျောင်းများတွင် မူလတန်းမှသည် ပါရဂူဘွဲ့အထိ မသင်မနေရ(Compulsory)ဘာသာရပ်အဖြစ် ပြဋ္ဌာန်းသင်ကြားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်းအဆင့်တို့မှာ သမိုင်းဘာသာရပ်ကို မသင်မနေရဘာသာအဖြစ် သတ်မှတ်သင်ကြားဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအထက်တန်းအဆင့်မှာတော့ သိပ္ပံဘာသာရပ်များနှင့် ဝိဇ္ဇာဘာသာရပ်များကို သဘာတွဲရှစ်တွဲအနေနဲ့ သင်ကြားပေးလျက်ရှိရာမှာ သမိုင်းဘာသာရပ်ကို စိတ်ကြိုက်ရွေးချယ်သင်ယူခွင့်ရှိသော ဘာသာရပ်အဖြစ် သတ်မှတ်ထားရှိပါတယ်။ အဆင့်မြင့်ပညာ အဆင့်မှာတော့ သမိုင်းဘာသာရပ်ကို အထူးပြု Major ဘာသာရပ်ဖြင့်လည်းကောင်း၊ အခြားဝိဇ္ဇာ အထူးပြု (Major) ဘာသာရပ်များမှာ တွဲဖက်ပြီးတော့ (Minor) ဘာသာရပ်အဖြစ်လည်းကောင်း သင်ကြားပေးလျက်ရှိပါတယ်။ ပါရဂူတန်းများရဲ့ သမိုင်းအထူးပြုခေါင်းစဉ်အောက်မှာတော့ သမိုင်းဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့အတွက်သုတေသနများ ဆောင်ရွက်စေခြင်းဖြင့် ပါရဂူဘွဲ့များကို ချီးမြှင့်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနဟာ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ ပညာရေးပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းများနှင့် စနစ်တကျချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာ ကဏ္ဍအတွက် ပညာရေးဖွဲ့စည်းပုံစနစ်သစ် KG+12 ကို သင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလို အကောင်အထည်ဖော်ရာမှာ မူလတန်းနှင့် အလယ်တန်းအဆင့်များအထိ သမိုင်းဘာသာရပ်ကို မသင်မနေရဘာသာရပ်များဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်များအတွက် ဘာသာတွဲများ သတ်မှတ်ရာမှာ စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသော ဘာသာရပ်များအဖြစ်လည်းကောင်း သတ်မှတ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်

ရှိပါတယ်။ အဆင့်မြင့်ပညာအဆင့်အတွက် ယခုလက်ရှိဆောင်ရွက်နေတဲ့စနစ်အတိုင်းပဲ သမိုင်းဘာသာရပ်အတွက် Major ဘာသာ၊ အခြားဘာသာများအတွက် Minor ဘာသာ၊ ရိုးရိုးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းများအထိ သင်ကြားပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အချုပ်အားဖြင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာမူလတန်းနှင့်အလယ်တန်းအဆင့်အထိကို သမိုင်းဘာသာရပ်အတွက် မသင်မနေရ(Compulsory)ဘာသာရပ်အဖြစ် သတ်မှတ်သင်ကြားပေးလျက်ရှိပါကြောင်း အခြေခံပညာအထက်တန်းအဆင့်မှ ပါရဂူဘွဲ့သင်တန်းအထိ သမိုင်းဘာသာရပ်ကို မသင်မနေရ (Compulsory)ဘာသာရပ်အဖြစ် သတ်မှတ်သင်ကြားသွားရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုအရ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့်အညီ သင်ရိုးညွှန်းတမ်းမြှင့်တင်သတ်မှတ်ချက်ကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**လဟယ်မြို့နယ်ရှိ ကားရော်အိုဒေါက်၊ တွေးထွေနောက်ကျော့၊ တွေးထွေနောက်အင်း၊ ဆပွလော်ရွာမ၊ လန်းတိုင်းနောက်အင်း၊ ခါးလယ်၊ စံတုံနှင့် အံ့ပေါ် ရွာများရှိ လက်ရှိကျောင်းဆောင်များအား ဆောလျင်စွာအဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်ဖြစ်ပြီး လဟယ်မြို့နယ် ကျေးရွာရှစ်ရွာက ကျောင်းအင်္ဂါရပ်နှင့်မညီတော့တဲ့ ပြန်လည်အဆင့်မြှင့်တင်ဆောက်လုပ်ဖို့လည်း ဆောလျင်စွာလိုအပ်နေပြီဖြစ်တဲ့ စာသင်ကျောင်းဆောင်တွေနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အထိ နာဂဒေသမှာ တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ သတင်းကြားသိလိုက်တာနဲ့ မူးမေ့တဲ့သူတွေရှိသလို၊ အလုပ်ထွက်သွားကြတဲ့သူတွေနဲ့ အကြောင်းအမျိုးမျိုးပြပြီး တာဝန်ထမ်းဆောင်မယ့်ကျေးရွာတွေဆီ မရောက်ကြသူတွေရှိနေပါသေးတယ်။ ဒါဟာ ဒေသတစ်ခုမဖွံ့ဖြိုးသေးခြင်းကြောင့်ဖြစ်တယ်လို့ပဲ ကျွန်တော်သုံးသပ်လိုပါတယ်။ ဒီလိုမဖွံ့ဖြိုးသေးတဲ့ဒေသက စာသင်ကျောင်းဆောင်တွေဟာလည်း များသောအားဖြင့် ဒေသခံပြည်သူပြည်သားတွေရဲ့အားနဲ့ ဒေသထွက် သစ်၊ ဝါး၊ သက်ကယ်၊ ဓနိတွေကို အသုံးပြုပြီးတော့ စာသင်ကြားနိုင်အောင်သက်သက်သာယာယီဆောက်လုပ်ထားကြတာ များပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။ ဒီပုံကတော့ ခါးလယ်မူလွန်ကျောင်းဆောင်ပုံဖြစ်ပါတယ်။ အကာအရံတွေအားလုံး ပျက်စီးနေပြီးတော့ အောက်ခြေတိုင်ဖိနပ်ခုံတွေလည်း ပျက်စီးနေပြီဖြစ်လို့ ကျောင်းသားကျောင်းသူတွေအတွက် လုံခြုံတဲ့ ပတ်ဝန်းကျင်မဖြစ်တော့ဘူးဆိုတာကို သိသာထင်ရှားလှပါတယ်။ ဒီပုံကတော့ စံတုံမူလွန်ကျောင်းဆောင်ပုံဖြစ်ပါတယ်။ အမိုးအကာတွေ မလုံတော့တဲ့အတွက် မိုးရွာပြီဆိုရင် ကလေးတွေကို မိုးလုံတဲ့ထောင့်တွေမှာ ရွှေ့ထားရပါတယ်။ မိုးများ တဲ့ရက်တွေဆိုရင် စာသင်ကြားလို့မရတဲ့အတွက်ကြောင့် ကျောင်းပိတ်ထားရပါတယ်။ ဒီတော့

စာသင်ကျောင်းမကောင်းလို့ ကလေးတွေ စာသင်ကြားရာမှာ နှောင့်နှေးနေသလို စိတ်ဝင်စားမှုလည်း လျော့နည်းလာစေပါတယ်။ ဒီပုံကတော့ အကာမရှိ၊ စာသင်ခန်းဖွဲ့ထားခြင်းလည်းမရှိတဲ့ဟောတိုက်လို ဖြစ်နေတဲ့ ဆပွလော်ရွာမ အ.မ.က(ခွဲ)ကျောင်းဆောင်ပုံပဲဖြစ်ပါတယ်။ ဒီပုံကတော့ တွေးထွေ နောက်ကျော့စာသင်ကျောင်းဆောင်ပုံပဲ ဖြစ်ပါတယ်။ ကြမ်းပြင်ပေါ်မှာ ရေးစရာ၊ ထိုင်စရာ စာရေး စားပွဲခုံတွေ မရှိပါဘူး။ ရှိပြန်တော့လည်း မလုံလောက်ပါဘူး။ အခန်းတစ်ခုနှင့်တစ်ခု အကာအရံမရှိတဲ့ အတွက် တစ်ဘက်ဆူညံသံဟာ အခြားတစ်ဘက်အတွက် အနှောင့်အယှက်ဖြစ်စေပြီး စာသင်ကြားမှု တွေမှာ အာရုံစူးစိုက်မှုတွေ ပျောက်ဆုံးစေပါတယ်။ ဒီပုံကတော့ တွေးထွေနောက်အင်း အ.မ.က(ခွဲ) ကျောင်းဆောင်ပုံပဲဖြစ်ပါတယ်။ စာသင်ကျောင်းမှာ ဖြစ်သလို စာရေးစားပွဲထိုင်ခုံတွေနဲ့ သင်ကြား နေရတဲ့အခြေအနေတွေပဲ ဖြစ်ပါတယ်။ ဒါကတော့ ကားရော်အိုဒေါက်ကျေးရွာစာသင် ကျောင်းဆောင် ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီပုံကတော့ လန်းတိုင်းနောက်အင်း အ.မ.က ကျောင်းဆောင်ပုံပဲ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခုနက ပြသခဲ့တဲ့ စာသင်ကျောင်း အခြေအနေတွေနဲ့ ကလေးတွေရဲ့စာသင်ကြားနေရမှုအခြေအနေတွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နာဂဒေသမှာ ပညာရေးနှင့်ပတ်သက်ပြီး အခြေခံအဆောက်အဦကအစ စာသင်ကြား တတ်မြောက်မှုအဆုံး ခေတ်နှင့်အညီ တိုးတက်ကောင်းမွန်လာအောင် မြှင့်တင်လုပ်ဆောင်ပေးဖို့ အရေးတကြီးလိုအပ်နေပြီဆိုတာ သိသာထင်ရှားလှပါတယ်။ တင်ပြပါစာသင်ကျောင်းဆောင်တွေမှာ ပညာသင်ကြားနေတဲ့ ကျောင်းသားကျောင်းသူပေါင်း ၆၁၂ ဦး ရှိပါတယ်။ အလျဉ်းသင့်လို့တင်ပြလို ပါတယ်။ ဒီလိုပညာရေးနှစ်မှာ များစွာနိမ့်ကျနေသေးတဲ့ဒေသမှာ ယခုပညာသင်နှစ်ထက်ဝက်ကျိုးနေ ပြီ ဖြစ်ပေမဲ့ အချို့ပညာရေးဝန်ထမ်းတွေဟာ ကျရာနေရာမှာ တာဝန်မထမ်းဆောင်နိုင်လို့ ထွက်သွား ကြသူတွေ၊ အပြောင်းအစားထိုးနေရာတွေ မရောက်သေးတာတွေကြောင့် ယနေ့အထိ လဟယ်မြို့နယ် မှာ ဆရာဆရာမ မလုံလောက်တာတွေ၊ မရှိတာတွေကြောင့် ကျောင်းမဖွင့်နိုင်သေးတာ ရွာကိုးရွာ ရှိပါသေးတယ်။ ဒီအခြေအနေတွေကြောင့် ယခုဒေသခံကျောင်းသူကျောင်းသားပေါင်း ၃၃၀ ကျော်ခန့် ဟာ ပညာရေးမှာနစ်နာနေပါတယ်။ ဒီကိစ္စကိုလည်း ပြည်ထောင်စုဝန်ကြီးအနေဖြင့် အရေးတကြီး ကူညီကုစားပေးစေလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့ပြီးဖြစ်တဲ့ လဟယ်မြို့နယ်ရှိ ကားရော်အိုဒေါက်၊ တွေးထွေ နောက်ကျော့၊ တွေးထွေနောက်အင်း၊ ဆပွလော်ရွာမ၊ လန်းတိုင်းနောက်အင်း၊ ခါးလယ်၊ စံတုံနှင့် အံ့ပေါ် ကျေးရွာမှ ကျောင်းဆောင်များဟာ ကျောင်းသူကျောင်းသားများ၊ ကျေးရွာသူကျေးရွာသားများနဲ့ ကိုယ်ထူကိုယ်ထဖြင့် ဒေသထွက် သစ်၊ ဝါးတွေ၊ သက်ကယ်တွေနဲ့ ဆောက်လုပ်ထားတာဖြစ်တဲ့အတွက် ကြောင့် ကျောင်းအင်္ဂါရပ်နှင့်မညီတော့ခြင်း၊ လုံခြုံစိတ်ချစွာ စာသင်ကြားနိုင်မှုမရှိခြင်းနှင့် စာသင် ကြားမှုမှာ အာရုံစူးစိုက်မှုနည်းပါးစေခြင်း စတာတွေကြောင့် ပညာရေးမှာ ပိုပြီးတော့နိမ့်ကျသွားစေနိုင် တာတွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနကို အောက်ပါမေးခွန်းကို မေးမြန်းလိုပါ တယ်။ အထက်ဖော်ပြပါကျေးရွာရှစ်ရွာရှိ လက်ရှိကျောင်းဆောင်များအား ဆောလျင်စွာအဆင့်မြှင့်တင် ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ခုနှစ်တွင်ဆောက်လုပ်ပေးမည်နည်း၊

အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်းကို ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသက်နောင်၏မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်အတွင်းရှိ ကားရော်အိုဒေါက်၊ တွေးထွေနောက်ကျော့၊ တွေးထွေနောက်အင်း၊ ဆပ္ပလော်ရွာမ၊ လန်းတိုင်းနောက်အင်း၊ ခါးလယ်၊ စံတုံနှင့် အုံ့ပေါ်ရွာများရှိ ကျောင်းဆောင်များသည် ကျေးရွာသူ ကျေးရွာသားများမှ ကိုယ်ထူကိုယ်ထဒေသထွက်သစ်၊ ဝါး၊ သက်ကယ်များဖြင့်သာ ဆောက်လုပ်ထားသဖြင့် ကျောင်းအင်္ဂါရပ်နှင့် မကိုက်ညီခြင်း၊ လုံခြုံစိတ်ချစွာ သင်ကြားမှုမရှိနိုင်ခြင်းတို့ကြောင့် ကျေးရွာရှစ်ရွာရှိ လက်ရှိကျောင်းဆောင်များအား ဆောလျင်စွာအဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုသည့်မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် လဟယ်မြို့နယ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများအတွက် ငွေကျပ်သိန်းပေါင်း ၂၂၂၀ ခွဲဝေချထားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ်၊ ခါးလယ်ကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းမှာ ၆၀ ပေ x ၃၀ ပေ သွပ်မိုး၊ ထရံကာ တစ်ထပ်ဆောင်တစ်ဆောင်၊ ၆၀ ပေ x ၃၀ ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်တစ်ဆောင် စာသင်ဆောင်နှစ်ဆောင်ရှိပြီး ကျောင်းသူကျောင်းသားများအနေနဲ့ မူလတန်းအဆင့်မှာ ၁၉၄ ဦး၊ အလယ်တန်းအဆင့်မှာ ကိုးဦး စုစုပေါင်း ၂၀၃ ဦး၊ စံတုံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ ၆၀ ပေ x ၃၀ ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်တစ်ဆောင်၊ ၆၀ ပေ x ၃၀ ပေ သွပ်မိုး၊ ထရံကာ တစ်ထပ်ဆောင်တစ်ဆောင် စာသင်ဆောင်နှစ်ဆောင်ရှိပြီး ကျောင်းသူကျောင်းသားများ မူလတန်းအဆင့်မှာ ၁၃၆ ဦး၊ အလယ်တန်းအဆင့်မှာ သုံးဦး စုစုပေါင်း ၁၃၉ ဦး၊ အုံ့ပေါ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ ၅၀ ပေ x ၂၀ ပေ သွပ်မိုး၊ ဝါးကာ တစ်ထပ်ဆောင်တစ်ဆောင်သာရှိပါတယ်။ မူလတန်းအဆင့်မှာ ၄၄ ဦးနှင့် အလယ်တန်းအဆင့်မှာ ခြောက်ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၅၀ ဦး ပညာသင်ကြားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

တွေးထွေနောက်အင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှာ ၅၀ ပေ x ၂၀ ပေ ထန်းလက်မိုး၊ ဝါးကာ တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းသားကျောင်းသူ ၆၁ ဦး၊ ဆပ္ပလော်ရွာမကျေးရွာမှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၄၀ ပေ x ၂၀ ပေ ထန်းလက်မိုး၊ ဝါးကာ တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းသားကျောင်းသူ ၈၂ ဦး၊ ကားရော်အိုဒေါက်ကျေးရွာ

အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှာ ၄၀ ပေ x ၂၀ ပေ ထန်းလက်မိုး၊ ဝါးကာတစ်ထပ်ဆောင် တစ်ဆောင်ရှိပြီး ကျောင်းသူကျောင်းသား ၂၉ ဦး ရှိပါတယ်။ တွေးထွေနောက်ကျော့ကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းမှာ ၄၀ ပေ x ၂၀ ပေ ထန်းလက်မိုး၊ ဝါးကာတစ်ထပ်ဆောင်တစ်ဆောင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀ ဦး ရှိပါတယ်။ လန်းတိုင်းနောက်ကျေးရွာမှာ အခြေခံပညာ မူလတန်းကျောင်းမှာ ၄၀ ပေ x ၂၀ ပေ ထန်းလက်မိုး၊ ဝါးကာတစ်ထပ်ဆောင်ရှိပြီး ကျောင်းသား ကျောင်းသူ ၂၈ ဦးသာ ပညာသင်ကြားလျက်ရှိပါတယ်။

အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ကျောင်းရှစ်ကျောင်းကို ကားရော်ဒေါက်အိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ တွေးထွေနောက်အင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ)၊ ဆပ္ပလော်ရွာမအခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ လန်းတိုင်းနောက်အင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ ခါးလယ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ အံ့ပေါ်ကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ်များဆောက်လုပ်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရဲ့ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှာ ဦးစားပေးပြီး ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ လက်ရှိစံတုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းကိုတော့ ပြုပြင်ဖို့ လိုအပ်တဲ့အတွက် ယခုဘဏ္ဍာရေးနှစ်မှာပဲ သာမန်အသုံးစရိတ် ပြင်/ထိန်းရန်ပုံငွေအောက်မှ စိစစ် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ၆၀ ပေ x ၃၀ ပေ တစ်ထပ်ဆောင်ကို ဆောက်ဖို့အတွက် ငွေ ဘယ်လောက်သတ်မှတ်ထားပါသလဲ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အခြေခံစံနှုန်းများရှိပါတယ်ခင်ဗျား။ ပြည်မဒေသမှာဆိုရင်တော့ တစ်စတုရန်းပေကို ၂၃၀၀၀ ပါခင်ဗျား။ ချင်းပြည်နယ်လိုဒေသမျိုးဆိုရင်တော့ ၄၃၀၀၀ လောက်ရှိပါတယ်။ သို့သော် ဒီစံနှုန်းတွေဟာ အခုအချိန်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ ညှိနှိုင်းပြီး ပြန်လည်သတ်မှတ်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဘတ်ဂျက်တင်ပြတောင်းခံရာမှာ ဒီစံနှုန်း အရ တွက်ချက်တောင်းခံမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ အဲဒီလို ဝန်ကြီးဌာနကနေပြီးတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ တစ်နည်းအားဖြင့် ပြည်ထောင်စုလွှတ်တော်က ခန့်ခွဲလိုက်တဲ့ဘတ်ဂျက်နဲ့ ကျောင်းဆောင်တွေကို ဆောက်လုပ်တဲ့အခါမှာ အရည်အသွေးမီ/မမီ ကိုယ်စားလှယ်တွေက စောင့်ကြည့်လေ့လာပါ။ သစ်က အမျိုးအစားမှန်သလား။ ဘိလပ်မြေက စံချိန်စံညွှန်းမီသလား။ သွပ် ကရော အရည်အသွေးကောင်းသလား။ ဒီလိုလေးတွေလည်း အာရုံစိုက်ပြီးလေ့လာပေးပါ။ ဘာဖြစ် လို့လဲဆိုတော့ ကျွန်တော်တို့က နိုင်ငံတော်ဘတ်ဂျက်ကို ချပေးလိုက်တယ်။ တချို့နယ်တွေမှာ အားလုံး တွေ့ကြုံရပါတယ်။ နှစ်နှစ်၊ သုံးနှစ်နဲ့ ပြတ်သွားတယ်။ ပြန်ပြီးတော့ တစ်ခါ ထပ်ချပေးရပြန်ရော။ သဲထဲ ရေသွန် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တွေအနေနဲ့ Parliamentary Oversight ဆိုတဲ့ သဘောတရားအရ ဒါမျိုးလုပ်ငန်းတွေမှာ ထဲထဲဝင်ဝင်စောင့်ကြပ်ကြည့်ရှုလေ့လာဖို့လည်းအားလုံးကို ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကိုယ်စား အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဆိုင်ရာဥပဒေကို တင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက နိုင်ငံသူ နိုင်ငံသားများအကျိုးငှာ တာဝန်ပေးအပ်ခဲ့တဲ့အတိုင်း ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ ဦးစားပေးလုပ်ငန်းတာဝန်အနေနဲ့ ဒီဥပဒေကို ပြင်ဆင်ဖို့ ကျွန်တော်တို့ ကြိုးစားခဲ့ကြပါတယ်။ ဒီဥပဒေနှင့်ပတ်သက်လို့ ကော်မတီစတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကနေ ဒီနေ့အထိ တစ်နှစ်ခွဲခန့်ကာလအတွင်း ကျွန်တော်တို့ဟာ လွှတ်တော်ကိုကိုယ်စားပြုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ရော၊ မိမိကော်မတီအတွင်းမှာ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ကော်မရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကြံဉာဏ်များကိုလည်း ရယူကာ ယခု ဥပဒေကို ရေးဆွဲခဲ့ကြပါတယ်။ ဥပဒေရဲ့ရည်ရွယ်ချက်ကတော့ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းစီမံခန့်ခွဲရန် ဖြစ်ပါတယ်။ ဥပဒေကို ပြင်ဆင်ရေးဆွဲတဲ့အခါမှာ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားတဲ့ မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗန်းရှင်းနှင့် အခြားနိုင်ငံတကာသဘောတူညီချက်များနှင့် လိုက်လျောညီထွေဖြစ်စေဖို့ မူရင်းဥပဒေ၊ ဥပဒေပါစကားရပ်များ ပိုမိုထိရောက်ညီညွတ်စေဖို့နှင့်အတူ ထိန်းသိမ်းသင့်တဲ့ သဘာဝနယ်မြေများအား တိရစ္ဆာန်များနှင့် သက်ဆိုင်ရာနယ်မြေများက ဒေသခံပြည်သူများရဲ့ လူမှုစီးပွားရေးဘဝကိုမျှတစေဖို့၊ လိုက်လျောညီထွေဖြစ်စေဖို့ ပြင်ဆင်ရေးဆွဲ

ထားတာ ဖြစ်ပါတယ်။ ပြင်ဆင် ရာမှာ ဥပဒေရဲ့ သုံးပုံနှစ်ပုံကျော်ပြင်ဆင်ရတဲ့အတွက် ဥပဒေသစ်အဖြစ် တင်သွင်းရခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကို ပြည်ထောင်စု လွှတ်တော်ကို တင်သွင်းပြီးတဲ့နောက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုခဲ့တဲ့အတိုင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဥပဒေလို့ ပြောင်းလဲတာလည်း အင်မတန်လိုက်လျောညီထွေကြောင်းကို တစ်ဆက်တစ်စပ်တည်း ပြောလိုပါတယ်။ တစ်ချိန်က ထိန်းသိမ်းရေးဆိုတဲ့စကားကို စောင်းပေးပြီး ကျွန်တော်တို့ ဥပဒေတွေ ပြဋ္ဌာန်းလုပ်ဆောင်ခဲ့ကြပေမဲ့ ပြည်သူကိုဗဟိုပြုတဲ့ဒီခေတ်မှာ ပတ်ဝန်းကျင်နဲ့ သဘာဝအမွေအနှစ်ထိန်းသိမ်းရေးသက်သက်တင်မဟုတ်တော့ပါဘူး။ ထိန်းသိမ်းစောင့်ရှောက်နေရင်းနဲ့ တစ်ဖက်က မှန်ကန်တဲ့စီမံခန့်ခွဲအုပ်ချုပ်မှုနှင့်အတူ ဒေသခံပြည်သူတွေရဲ့ နေထိုင်စားသောက်မှုဘဝတွေက ပိုအရေးပါလာတာမို့ အရေးကြီးဆုံးထိန်းသိမ်းရာဆုံးဇုန်တွေရှိသလို ပြည်သူတွေအသုံးပြုနေထိုင်ရင်း ကိုယ်တိုင်ကလည်း သဘာဝအမွေအနှစ်ကို စောင့်ရှောက်နိုင်မယ့် **ဒက်ဖာဇုန်** တွေကို စနစ်တကျစီမံအုပ်ချုပ်နိုင်ဖို့ စဉ်းစားရေးဆွဲတင်ပြထားခဲ့တာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ လွှတ်တော်အသစ်၊ အစိုးရသစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ပြည်သူတွေ စိတ်အေးချမ်းသာစွာ လိုက်နာကျင့်သုံးနိုင်ဖို့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ကိုယ်စားပြုတင်သွင်းတဲ့ ဒီဥပဒေကို ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် မူဆယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းတဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ ကျွန်တော် ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၇ - ၂၉၈

ရက် စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ အောက် တို ဘာ လ ၁၇ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း။**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၇-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၁၉၆)/ပထစ-၂၀၁၇

၁။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ သည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များအပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းစီမံခန့်ခွဲရန်၊

(ခ) မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES)နှင့် အခြားနိုင်ငံတကာ သဘောတူညီချက်များနှင့် လိုက်လျောညီထွေဖြစ်စေ ရန်၊

(ဂ) ထိန်းသိမ်းသင့်သော သဘာဝနယ်မြေများ၊ တိရစ္ဆာန်များနှင့် သက်ဆိုင်ရာနယ်မြေများ ၏ လူမှုစီးပွားရေးဘဝကို မျှတစေရန်နှင့် လိုက်လျောညီထွေဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၄-၈-၂၀၁၇ ရက်၊ ၃၀-၈-၂၀၁၇ ရက်၊ ၁၄-၉-၂၀၁၇ ရက်နှင့် ၁၅-၁၀-၂၀၁၇ ရက်တို့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက် များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့စိစစ်ချက်ဇယားကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေ များထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ ပြည်သူ့လွှတ်တော်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၉၈

ရက် စွဲ ၊ ၂ ၀ ၁ ၇ ခုနှစ်၊ အောက်တိုဘာလ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၇-၇-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၉၆)/ပထစ - ၂၀၁၇

၁။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါ စာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ သည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များ အပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းစီမံခန့်ခွဲရန်၊

(ခ) မြန်မာနိုင်ငံမှအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် မျိုးဆက်ပျက်သုန်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း (CITES)နှင့် အခြားနိုင်ငံတကာ သဘောတူညီချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေရန်၊

(ဂ) ထိန်းသိမ်းသင့်သော သဘာဝနယ်မြေများ၊ တိရစ္ဆာန်များနှင့် သက်ဆိုင်ရာနယ်မြေ များ၏ လူမှုစီးပွားရေးဘဝကို မြှင့်တစေရန်နှင့် လိုက်လျောညီထွေ ဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၄-၈-၂၀၁၇ ရက်၊ ၃၀-၈-၂၀၁၇ ရက်၊ ၁၄-၉-၂၀၁၇ ရက်နှင့် ၁၅-၁၀-၂၀၁၇ ရက်တို့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းတွင် အခန်း (၁၂) ခန်းနှင့် အပိုဒ်ပေါင်း(၅၁)ပိုဒ် ပါရှိ ပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဥပဒေ**

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**

**၁၃၇၉ ခုနှစ်၊  လ  ရက်**

**(၂၀၁၇ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

( ဂ) အခန်း (၁) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁။ ဤဥပဒေကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများဥပဒေဟု ခေါ်တွင် စေရမည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဇီဝမျိုးစုံမျိုးကွဲ ဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေဂေဟ စနစ်များ၊ ၎င်းတို့ပါဝင်နေသည့် ဂေဟဗေဒအရ ဆက်စပ်မှုတို့ပါဝင်သည့် အရင်းအမြစ် အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကိုဆိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်များအတွင်း ကွဲပြားမှု၊ မျိုးစိတ်များအကြား ကွဲပြားမှုနှင့် ဂေဟစနစ်များ အကြား ကွဲပြားမှုလည်း ပါဝင်သည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ အသားစများလည်းပါဝင်သည် ဆိုသည့်စကားရပ်ကို အသားစ နှင့် သွေးရည်များလည်းပါဝင်သည်ဟု ပြင်ဆင်ပါသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ရှိ သဘာဝနယ်မြေ ဆိုသည့်စကားရပ်ကို သဘာဝ ထိန်းသိမ်းရေးနယ်မြေ ဟုလည်းကောင်း၊ သတ်မှတ်သည့်နယ်မြေကို ဆိုသည့်

စကားရပ်ကို သတ်မှတ်ထားသောနယ်မြေကို ဟုလည်းကောင်း ပြင်ဆင်ပြီး၊ ယင်းဥပဒေကြမ်းရှိ သဘာဝနယ်မြေ ဆိုသည့်စကားရပ်ကို သဘာဝ ထိန်းသိမ်းရေး နယ်မြေဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) အမာခံထိန်းသိမ်းရေးနယ်မြေ ဆိုသည်မှာ သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည်တည်တံ့စေရန် ဤဥပဒေအရ သတ်မှတ်ထားသောနယ်မြေကို ဆိုသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) ကြားခံနယ်မြေဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းတွင် ဖြစ်စေ၊ ၎င်းနယ်မြေ၏ နယ်နိမိတ်အစပ်တွင်ဖြစ်စေအမာခံ ထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်နေပြီး အမာခံထိန်းသိမ်းရေးနယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ထုတ်ယူသုံးစွဲခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤဥပဒေအရကြားခံအဖြစ် သတ်မှတ်ထားသောနယ်မြေကို ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ရှိ သုတေသနပြုလုပ်ရန်နှင့်ဆိုသည့်စကားရပ်ကို သုတေသနပြုလုပ်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ရှိ သုတေသနပြုလုပ်နိုင်ရန်နှင့် ဆိုသည့်စကားရပ်ကို သုတေသနပြုလုပ်နိုင်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်ဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) ကော်မတီ ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ထ) သစ်တောအရာရှိဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူး သို့မဟုတ် သစ်တောဦးစီးဌာန၏ မြို့နယ်တာဝန်ခံအဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်။

(၃) အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)ရှိ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)အရဆိုသည့် စကားရပ်ကို ပယ်ဖျက်၍ သစ်တောအရာရှိကို ဆိုသည့်စကားရပ်ကို သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(န)ရှိ မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်နေခြင်းကြောင့် အထူးကာကွယ်ထိန်းသိမ်းရန် ဆိုသည့်စကားရပ်ကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နေခြင်းကြောင့် ကာကွယ်ထိန်းသိမ်းရန် ဟုလည်းကောင်း၊ ယင်းဥပဒေကြမ်းရှိ မျိုးသုဉ်းမည့်ဆိုသည့်စကားရပ်ကို မျိုးဆက်ပျက်သုဉ်းမည့်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ပ)၊ (ဖ)၊ (ဗ)၊ (ဘ)၊ (မ)၊ (ယ)နှင့်(ရ)တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ပ) ကွန်ဗင်းရှင်းဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(ဖ) နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော နောက်ဆက်တွဲစာရင်း(၃)ခုတွင် ပါရှိသည့် မျိုးစိတ်များကို ဆိုသည်။

(ဗ) မျိုးစိတ်နမူနာဆိုသည်မှာ-

(၁) အရှင်ဖြစ်စေ၊ အသေဖြစ်စေ တိရစ္ဆာန် သို့မဟုတ် အပင်များ၊

(၂) ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်အရ ကင်းလွတ်မှုရရှိထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများမှတစ်ပါး နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များတွင်ပါရှိသည့် မျိုးစိတ်များ၊ အပင်များ သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်များ၏ အစိတ်အပိုင်းများ၊

(၃) နောက်ဆက်တွဲ စာရင်းဝင် မျိုးစိတ်များတွင်ပါရှိသည့် မျိုးစိတ်များ၊ ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်အရ ဆင့်ပွားပစ္စည်းများဖြစ်နိုင်သည့် မည်သည့် အခြေအနေမျိုးမှဖြစ်စေ၊ တွဲဘက်ပါရှိလာသည့် စာရွက်စာတမ်း၊ အမှတ်တံဆိပ်၊ အမှတ်အသား သို့မဟုတ် ထုတ်ပိုးမှုမှဖြစ်စေ အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

(ဘ) တင်ပို့ခြင်းဆိုသည်မှာ မြန်မာနိုင်ငံ၏ တရားစီရင်ပိုင်ခွင့် နယ်နိမိတ်အတွင်းရှိ မည်သည့် နေရာမှမဆို နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များ၏ မည်သည့် မျိုးစိတ်နမူနာကိုမဆို ပြင်ပသို့ယူဆောင်သွားခြင်းကို ဆိုသည်။

(မ) တင်သွင်းခြင်းဆိုသည်မှာ မြန်မာနိုင်ငံ၏ တရားစီရင်ပိုင်ခွင့် နယ်နိမိတ်အတွင်းရှိ မည်သည့်နေရာသို့မဆို နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များ၏ မည်သည့်မျိုးစိတ် နမူနာကိုမဆို ရောက်ရှိခြင်း၊ ရောက်ရှိရန် ဆောင်ရွက်ခြင်းကို

ဆိုသည်။ ဤစကားရပ်သည် မျိုးစိတ်နမူနာများ ဖြတ်သန်းခြင်း သို့မဟုတ် ဖြတ်သန်းတင်ပို့ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ယ) ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်းဆိုသည်မှာ မည်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာသက်ရောက်မှုမရှိသည့် ပင်လယ်ပြင်မှ ထုတ်ယူသည့်မျိုးစိတ်တစ်မျိုးမျိုး၏ မျိုးစိတ်နမူနာကို မြန်မာနိုင်ငံအတွင်းသို့ သယ်ဆောင်ခြင်းကို ဆိုသည်။ ဤစကားရပ်တွင် ပင်လယ်ပြင်အထက်ရှိ လေထု၊ ပင်လယ်ကြမ်းပြင်နှင့် ပင်လယ်ကြမ်းပြင်အောက်ရှိ မြေလွှာလည်း အကျုံးဝင်သည်။

(ရ) နိုင်ငံတကာကုန်သွယ်မှု ဆိုသည်မှာ နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များကို အကောက်ခွန် ဥပဒေပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပို့ခြင်း၊ တစ်ဆင့်တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းနှင့် ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်းတို့ကိုဆိုသည်။

(တ) အပိုဒ် ၂ အပိုဒ်ခွဲ(ပ)ကို အပိုဒ်ခွဲ(လ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

(လ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များ ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော တိရစ္ဆာန်နှင့် အပင်ကိုဆိုသည်။ ယင်းစကားရပ်တွင် ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တိရစ္ဆာန်နှင့် အပင်များ၏အစိတ်အပိုင်း၊ သွေးရည်နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

(ထ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)ကို နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒကို အကောင်အထည်ဖော်ရန်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ အစိုးရ၏ ဆိုသည့်စကားရပ်ကို နိုင်ငံတော်၏ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ ကျက်စားလေ့ရှိသောငှက်များ ဆိုသည့်စကားရပ်ကို ကျက်စားလေ့ရှိသောတိရစ္ဆာန်များ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

( ဒ) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့မှတစ်ဆင့် ထုတ်လုပ်သော ထုတ်ကုန်များ၊ ဆင့်ပွားထုတ်လုပ်သော ပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်းအား ထိန်းချုပ်ရန်၊

( ဓ) အပိုဒ် ၃ အပိုဒ်ခွဲ(င)ကို အပိုဒ်ခွဲ(စ)အဖြစ် သဘာဝသိပ္ပံဆိုင်ရာ သုတေသန လုပ်ငန်းများ၊ အသိပညာပေးရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်ဟု ပြင်ဆင်ပါ သည်။

(န) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က)ကို ဝန်ကြီးဌာနအဖြစ် ပါဝင်သော သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များပါဝင်သည့်ကော်မတီကို ဖွဲ့စည်းရမည်။ ဟုပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၁) (၂) (၃) နှင့် (၄) တို့ကို ပယ်ဖျက် ပါသည်။

(ဖ) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ကို လိုအပ်ပါက ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၅ ရှိ အစိုးရဝန်ထမ်းမဟုတ်သော ဆိုသည့်စကားရပ်ကို နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ကို ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒများချမှတ်နိုင် ရန် အကြံပြုတင်ပြခြင်း ဟုပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(ဂ)ရှိ အစိုးရက ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(မ) အပိုဒ် ၆ အပိုဒ်ခွဲ(င)ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း ဟုပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၆ အပိုဒ်ခွဲ(ဆ)နှင့်(ဇ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ)သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း

(ရ) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်ပါက ဇီဝ မျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ စီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုရေးနှင့်စပ်လျဉ်းသည့် ကော်မတီများ ဖွဲ့စည်းနိုင်သည်။

(လ) အခန်း(၄) အပိုဒ် ၇ ကို အပိုဒ် ၈ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဆ) အဖြစ် ဒေသခံအစု အဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေဟု အသစ်ဖြည့်စွက်ပါသည်။

(ဝ) အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၉ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဂ္ဂလိကအဖွဲ့အစည်းက ဆိုသည့်စကားရပ်ကို ပုဂ္ဂလိကအဖွဲ့အစည်း၏ဟု လည်းကောင်း၊ တည်ဆဲမြေသိမ်းယူခြင်း ဆိုင်ရာဥပဒေများနှင့်အညီ ဆိုသည့် စကားရပ်ကို တည်ဆဲဥပဒေနှင့်အညီ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(သ) အပိုဒ် ၈ အပိုဒ်ခွဲ(င)ကို အပိုဒ် ၉ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သက်ဆိုင်ရာ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါ သည်။

(ဟ) အပိုဒ် ၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၈ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၉ အရ ဟုလည်းကောင်း၊ အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ဆိုသည့်စကားရပ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ ပုဒ်မ ၈ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၉ အရ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(ဠ) အပိုဒ် ၁၀ အပိုဒ်ခွဲ(က) ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ပုဒ်မ ၈ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၉ အရ ဟု ပြင်ဆင် ပါသည်။

(အ) အပိုဒ် ၁၁ ကို အပိုဒ် ၁၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၈ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၉ အရ ဟုလည်းကောင်း၊ စီစဉ်ဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ကို စီစဉ်ဆောင်ရွက်ပေးရမည် ဟုလည်းကောင်း ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ် ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်း တို့ကို နယ်မြေသတ်မှတ်၍ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင် သည်

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နိုင်ငံခြားတိုင်း ပြည်များနှင့် ဆိုသည့် စကားရပ်ကို ပြည်ပနိုင်ငံများရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များနှင့် ဟုပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အဏ္ဏဝါရေပြင်ဇရိယာဖြင့် ဆိုသည့်စကားရပ်ကို အဏ္ဏဝါရေပြင် ဇရိယာ အား ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ဇ) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းရှိ ဂေဟစနစ်အတွင်းမှ ရရှိသည့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်စေခြင်းစနစ်ကို သတ်မှတ်နိုင်သည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(င) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဒေသခံပြည်သူပူးပေါင်းပါဝင်သည့် ဆိုသည့်စကားရပ်ကို ဒေသခံပြည်သူပူးပေါင်း ပါဝင်သော ဟုပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(စ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(စ) သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် ဝင်ကြေးနှင့် ခရီးသွားလုပ်ငန်း ဆိုင်ရာ အခြားအခကြေးငွေများ သတ်မှတ်ကောက်ခံရန် အစီအမံများ ချမှတ် ဆောင်ရွက်နိုင်သည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဇ) နှင့်(ဈ) တို့ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ဈ) နှင့်(ည) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) ပုဒ်မခွဲ(ဇ) အရ ခွင့်ပြုသည့်အခါခွင့်ပြုချက်ကို လိုက်နာရမည့် စည်းကမ်းချက် များနှင့်အတူ ထုတ်ပေးရမည်။

(ည)ပုဒ်မခွဲ (ဇ) အရ ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ငြင်းပယ်ခြင်း ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။ ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

( - ) အပိုဒ် ၁၃ ကို အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် -

(က)သဘာဝ ထိန်းသိမ်းရေးနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ အရှည် တည်တံ့နေစေရေးအတွက် ဦးရေအမျိုးအစားနှင့် အချိုးအစား မျှတစေ ရန်နှင့် မျိုးရိုးဗီဇရောယှက်ခြင်းမဖြစ်စေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်း ပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

( ခ) ပုဒ်မ ၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂) အရ တည်ထောင်ထားသည့် တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို အများပြည်သူသိရှိရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝ ထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ် တစ်ဦးဦးအား အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

( - ) အပိုဒ် ၁၄ ခြေဆင်းကို အပိုဒ် ၁၅ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ သဘာဝနယ်မြေ အမျိုးအစားအလိုက် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါ သည်။

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်းပေါက်ဖွား ကျက်စား နေသော သတ္တဝါများနှင့်ယင်းတို့၏ နေရင်းဒေသများ၊ သန္တာကျောက် တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များ၊ ရေအောက်

အပင်များနှင့် ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားနေသော တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ နေရင်းဒေသ များကို သဘာဝအတိုင်း တည်ရှိနေစေရန် ကာကွယ်ထိန်း သိမ်းခြင်း၊

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ(င) ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(င) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ငှက်များ ရောက်ရှိ ရပ်နားရာဒေသများနှင့် ဆိုသည့်စကားရပ်ကို ငှက်များရောက်ရှိရာ၊ ရပ်နားရာ၊ ပေါက်ဖွားရာဒေသများနှင့် ဟုလည်းကောင်း၊ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(စ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ထူးခြားလှပသည့် ဆိုသည့် စကားရပ်ကို ထူးခြားလှပသော ဟုလည်းကောင်း ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲသော ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၆။ အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) နေ့စဉ် စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊

( ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာစီမံအုပ်ချုပ်ခြင်း၊

( ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်များအတွင်းရှိ တိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များတို့၏ တည်ရှိဖြစ်ပေါ် ပြောင်းလဲနေမှုများကို ကွင်းဆင်းလေ့လာဖော်ထုတ် သုတေသနပြု မှတ်တမ်းတင်ခြင်း၊

(ဃ) ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်း၊

( င) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့၏ အကျိုး စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုအခြေခံ၍ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊

( စ) မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခနှင့် အခြားပဋိပက္ခများ ကြုံတွေ့လာပါက အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊

(ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေရှိ ကြားခံနယ်မြေအတွင်း သဘာဝ အခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက် ခြင်း၊

( ဇ) ဒေသခံပြည်သူ ပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

( - ) အခန်း(၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကာကွယ်ထိန်း သိမ်းနိုင်အလို့ငှာ ဆိုသည့်စကားရပ်ကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ပုဒ်မခွဲ(က) အရ သတ်မှတ်ကြေညာထားသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အမျိုးအစားများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မကျရောက်စေရန်နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ထိန်းသိမ်းမှုအဆင့်အတန်း သတ်မှတ်ချက်ကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ကွန်ဗင်းရှင်းမှ ထုတ်ပြန်သည့် စာရင်းများကို အများပြည်သူသိရှိနိုင်ရေး သတ်မှတ်ကြေညာရမည်။

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ဆ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ)မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှု အောက်တွင်ရှိနေပါက ယင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ (စ) ကို အပိုဒ် ၁၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

၁၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန်-

(က)ညွှန်ကြားရေးမှူးချုပ်အား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

(ခ) သင့်လျော်သူ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူအား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန် ပေးရမည်။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ(က) နှင့်(ခ)တို့ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(က) နှင့်(ခ) တို့အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပြီး၊ ယင်းဥပဒေကြမ်းရှိ ကူးသန်း ရောင်းဝယ်ရာတွင် ဆိုသည့်စကားရပ်ကို နိုင်ငံတကာကုန်သွယ်မှုတွင် ဟု အသီးသီး ပြင်ဆင်ပါသည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကိုဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင် သည်။

(ခ) သုတေသနပြုလုပ်ခွင့်ရသူအား ကာကွယ်ထားသည့် သဘာဝအပင်ကို စမ်းသပ်ခြင်း၊ မျိုးပွားခြင်းစသည့် သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်နိုင် ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ) နှင့်(ဃ) တို့ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ) နှင့်(ဃ)တို့အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ (က) ရှိ တင်ပို့ခွင့်နှင့် သယ်ဆောင်ခွင့်" ဆိုသည့် စကားရပ်ကို တင်ပို့ခွင့် သို့မဟုတ် သယ်ဆောင်ခွင့် ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ တင်သွင်းခွင့်၊ လက်ဝယ်ထားခွင့် ဆိုသည့်စကားရပ်ကို တင်သွင်းခွင့် သို့မဟုတ် လက်ဝယ်ထားခွင့် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ(င) ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ပြည်ပမျိုးသဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေး အတွက် သုတေသနပြုလုပ်ခွင့်ရသူအား စည်းကမ်းချက်များ သတ် မှတ်၍ စမ်းသပ်ခြင်း သို့မဟုတ် မျိုးပွားခြင်းပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင် သည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(က) နှင့်(ခ) တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်များရှိ တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခြင်း ဆိုသည့်စကားရပ် ကို တောရိုင်းတိရစ္ဆာန်နှင့် မျိုးပွားစိုက်ပျိုးခြင်း ဟု အသီးသီး ပြင်ဆင်ပါ သည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ (င)ကို အပိုဒ် ၂၀ အပိုဒ်ခွဲ (င) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စိုက်ပျိုးခွင့် သို့မဟုတ် လွှဲပြောင်းခွင့် ဆိုသည့်စကားရပ်ကို စိုက်ပျိုးခွင့်၊ မျိုးပွားခွင့် သို့မဟုတ် လွှဲပြောင်းခွင့် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) ထောက်ခံချက် ရယူလိုသူသည် ပုဒ်မခွဲ(က) နှင့်(ခ) အရ ထုတ်ပေးမည့် ထောက်ခံချက်အတွက် စစ်ဆေးခ၊ ပါမစ် သို့မဟုတ် အခြားစရိတ်ကြေးငွေများကို ပေးဆောင်ရမည်။

( - ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ) ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ မွေးမြူခွင့် သို့မဟုတ် စိုက်ပျိုးခွင့်ပြုထားသော ဆိုသည့် စကားရပ်ကို မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် မျိုးပွားခွင့် ပြုထားသော ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၈ အပိုဒ်ခွဲ (င) ကို အပိုဒ် ၂၁ အပိုဒ်ခွဲ (င) အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င)နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပုဒ်မခွဲ(ခ) အရ ထောက်ခံချက် ရရှိထားသူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၈ အပိုဒ်ခွဲ(င) နှင့် (စ) တို့ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၆) အပိုဒ် ၁၉ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များအား အမဲလိုက်သူကို စည်းကမ်းချက်များသတ်မှတ်၍ အမဲ လိုက်ခွင့်လိုင်စင်ထုတ်ပေးနိုင်သည်။

( - ) အခန်း(၇) အပိုဒ် ၂၁ အပိုဒ်ခွဲ(က) ကို အပိုဒ် ၂၄ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၈ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၉ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(က) ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၄ ပုဒ်မခွဲ(က)အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၃ ကို အပိုဒ် ၂၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၁ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၄ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၅ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ သေဆုံးလျှင် ဆိုသည့်စကားရပ်ကို ကွယ်လွန်လျှင် ဟု ပြင်ဆင် ပါသည်။

( - ) အခန်း(၈) အပိုဒ် ၂၆ အပိုဒ်ခွဲ(က) ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(က) အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(က) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄) အာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

( - ) အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ဤဥပဒေ အာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၁၉ ပုဒ်မခွဲ(က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သုတေသန ပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ်ထားရှိလိုလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

( - ) အပိုဒ် ၂၉ အပိုဒ်ခွဲ(ဃ) (င) နှင့်(စ) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ) အရ ခွင့်ပြုချက်ရရှိသူသည် တောရိုင်း တိရစ္ဆာန် မွေးမြူခြင်းနှင့် သဘာဝအပင် မျိုးပွားစိုက်ပျိုးခြင်းတို့အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(င) ပုဒ်မခွဲ(ဃ)အရ မှတ်ပုံတင်ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့်မှတ်ပုံတင်ကြေးငွေကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ(ဃ)အရ မှတ်ပုံတင်ခြင်းအတွက် စစ်ဆေးခ၊ မှတ်ပုံတင်ခနှင့် အခြားစရိတ် ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။”

မူကြမ်း

( - ) အပိုဒ် ၂၇ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၂၉ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ် သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ငြင်းပယ်ခြင်းခံရသူသည် ငြင်းပယ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။ ညွှန်ကြား ရေးမှူးချုပ်သည် သစ်တောအရာရှိက ချမှတ်ထားသည့် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

( - ) အခန်း(၉) အပိုဒ် ၂၈ ကို အပိုဒ် ၃၁ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ သစ်တော ဝန်ထမ်းများသည် ဆိုသည့်စကားရပ်ကို သစ်တောဝန်ထမ်း သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ ခြေဆင်းကို အပိုဒ် ၃၂ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ သစ်တောအရာရှိသည် ဆိုသည့်စကားရပ်ကို အုပ်ချုပ်ရေးမှူးသည် ဟုလည်းကောင်း၊ အနည်းဆုံး ကျပ် ၁၀,၀၀၀ မှ အများဆုံးကျပ် ၃၀,၀၀၀ အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံးကျပ် တစ်သောင်းမှ အများဆုံးကျပ် သုံးသောင်းအထိ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၀ ခြေဆင်းကို အပိုဒ် ၃၃ ခြေဆင်း အဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ သစ်တောအရာရှိသည် ဆိုသည့်စကားရပ်ကို အုပ်ချုပ်ရေးမှူးသည် ဟုလည်းကောင်း၊ အနည်းဆုံး ကျပ် ၃၀,၀၀၀ မှ အများဆုံးကျပ် ၁၀၀,၀၀၀ အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံးကျပ် သုံးသောင်းမှ အများဆုံးကျပ် တစ်သိန်းအထိ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၃၃ အပိုဒ်ခွဲ(ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၁ ကို အပိုဒ် ၃၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အနည်းဆုံး ကျပ် ၇၀,၀၀၀ မှ အများဆုံး ကျပ် ၂၀၀,၀၀၀ အထိ ဆိုသည့်စကားရပ်ကို အနည်းဆုံး ကျပ်ခုနစ်သောင်း မှ အများဆုံး ကျပ်နှစ်သိန်းအထိ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ ခြေဆင်းကို အပိုဒ် ၃၅ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ သစ်တောအရာရှိသည် ဆိုသည့်စကားရပ်ကို အုပ်ချုပ်ရေးမှူးသည် ဟု ပြင်ဆင်ပါ သည်။

( - ) အခန်း (၁၀) အပိုဒ် ၃၃ ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သစ်တောအရာရှိက ဆိုသည့် စကားရပ်ကို သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၀) အပိုဒ် ၃၄ ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ) နှင့်(ဂ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်ထားသည့် အမိန့်အပေါ်အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

( - ) အခန်း (၁၁) အပိုဒ် ၃၅ ခြေဆင်းကို အပိုဒ် ၃၇ ခြေဆင်း အဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀,၀၀၀ မှ အများဆုံး ကျပ် ၅၀၀,၀၀၀ အထိ ဆိုသည့် စကားရပ်ကို ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၅ အပိုဒ်ခွဲ (ဃ) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ရေထု ဆိုသည့်စကားရပ်၏ ရှေ့တွင် မြေဆီလွှာထု ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( - ) အပိုဒ် ၃၅ အပိုဒ်ခွဲ(ဇ) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ဇ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များ၊ ယင်းတို့၏ မျိုးစိတ်နမူနာများ၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

( - ) အပိုဒ် ၃၆ ခြေဆင်းကို အပိုဒ် ၃၈ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ထိုသူအား ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၃၀၀,၀၀၀ မှ အများဆုံး ကျပ် ၁၀ သိန်း အထိ ဆိုသည့်စကားရပ်ကို ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၆ အပိုဒ်ခွဲ (ဃ) ကို အပိုဒ် ၃၈ အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သဘာဝနယ်မြေနယ်နိမိတ်အမှတ်အသား ဆိုသည့်စကားရပ်ကို သဘာဝထိန်းသိမ်းရေးနယ်မြေ၏ နယ်နိမိတ်အမှတ်အသား ဟု ပြင် ဆင်ပါသည်။

( - ) အပိုဒ် ၃၇ ကို အပိုဒ် ၃၉ အဖြစ် ပြင်ဆင်ပြီး ခြေဆင်းရှိ ထိုသူအား ၇ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀,၀၀၀ မှ အများဆုံး ကျပ်

၁၅ သိန်းအထိ ဆိုသည့်စကားရပ်ကို ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(က) ရှိ တောရိုင်းတိရစ္ဆာန်ကို ဆိုသည့်စကားရပ်ကို တောရိုင်းတိရစ္ဆာန် ဟုလည်းကောင်း၊ ယင်းတို့ပါရှိသည့် ဆိုသည့်စကားရပ်၏ ရှေ့တွင် သွေးရည်ကို ဖြစ်စေ ဆိုသည်စကားရပ်ကို ဖြည့်စွက်ပြီး၊ အပိုဒ်ခွဲ(ခ) ရှိ သဘာဝအပင်ကို ဆိုသည့် စကားရပ်ကို သဘာဝအပင် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၇ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၃၉ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကို ပုဒ်မ ၁၉ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ ထုတ်ပေးထားသော ထောက်ခံချက်မရရှိဘဲ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်း။

( - ) အပိုဒ် ၃၈ ခြေဆင်းကို အပိုဒ် ၄၀ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ထိုသူအား ၃ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀၀,၀၀၀ မှ အများဆုံး ကျပ် ၃၀၀,၀၀၀ အထိ ဆိုသည့်စကားရပ်ကို ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်း အထိ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(က) ရှိ ခွင့်ပြုချက်၊လိုင်စင် သို့မဟုတ် ထောက်ခံချက် ဆိုသည့်စကားရပ်ကို ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင် ဟု လည်းကောင်း၊ အပိုဒ်ခွဲ(ခ) ရှိ ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် ထောက်ခံချက်ကို ဆိုသည့်စကားရပ်ကို ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင်ကို ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၉ ကို အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

( - ) အပိုဒ် ၄၀ ကို အပိုဒ် ၄၂ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင် ဖြစ်စေ၊ ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

(-) အခန်း (၁၂) အဖြစ် အခန်း (၁၂) ကင်းလွတ်ခွင့်များ ဟု အခန်းသစ်တစ်ခန်း အသစ်ဖြည့်စွက်ပါသည်။

(-) အခန်း (၁၁) အပိုဒ် ၄၁ ခေါင်းစဉ်ကို အခန်း(၁၂) အပိုဒ် ၄၄ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ ပုဒ်မ ၃၈ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မ ၃၉ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက် သည်-

(-) အပိုဒ် ၄၁ အပိုဒ်ခွဲ (ခ)နှင့် (ဂ)တို့ကို အပိုဒ် ၄၄ အပိုဒ်ခွဲ(ခ) နှင့် (ဂ)တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ(ခ) ရှိ ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ) အရ ဆိုသည့် စကားရပ်ကို ၃၀ ပုဒ်မခွဲ (က) အရ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ) ကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်၏ တရားဝင်ခွင့်ပြုထားသော အစိတ်အပိုင်းတို့ဖြင့် ဖော်စပ်ထားသော ဆေးဝါးနှင့် လူသုံးပစ္စည်းများကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(-) အခန်း(၁၂) အထွေထွေ ကို အခန်း(၁၃) အထွေထွေ အဖြစ် ပြင်ဆင်ပါသည်။

(-) အခန်း(၁၂) အပိုဒ် ၄၃ ကို အခန်း(၁၃) အပိုဒ် ၄၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၅။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄ ခုနှစ်) အရ ကြေညာထားသည့် သဘာဝနယ်မြေများကို ဤဥပဒေအရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများဖြစ်သည်ဟု မှတ်ယူရမည်။

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၄ နှင့် ၄၅ တို့ကို ပယ်ဖျက်ပါသည်။

(-) အပိုဒ် ၄၈ ရှိ ရရှိသောငွေများကို ဆိုသည့်စကားရပ်ကို ရရန်ရှိသောငွေများကို ဟုပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ ကို တိတိကျကျဖော်ပြ၍ ၂၄-၁၀-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၁၅ နာရီ အချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ (၂၀.၁၀.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးအောင်ကျော်ကျော်ဦး
(လှိုင် မဲဆန္ဒနယ်)



ဒေါက်တာ လှမိုး
(အောင်မြေသာစံ မဲဆန္ဒနယ်)



ဒေါ်ခင်နှင်းသစ်
(ပန်းတောင်း မဲဆန္ဒနယ်)



ဒေါက်တာ အောင်ခင်
( ပြင်ဦးလွင် မဲဆန္ဒနယ်)



ဦးမြင့်လွင်
(တွံတေး မဲဆန္ဒနယ်)



ဦးသက်နောင်
(လဟယ် မဲဆန္ဒနယ်)



ဦးဝင်းမောင်ထွန်း
( ပညာရေး ဝန်ကြီးဌာန)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်